# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၉)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၁-၇-၂၀၂၄၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၁)နှစ်ပြည့်အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၀

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲ (၁)နှစ်ပြည့်အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိအဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်

စာမျက်နှာ ၃ သို့ ☆

### ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၀

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း

**အေစီမီလန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု မိုရာတာ ပြောကြား**

စာမျက်နှာ ၁၁

**လမြတ်ဝါဆို(ဆောင်းပါး)**

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

# ကင်ဆာရောဂါလူနာများကို ပိုမိုကုသမှုပေးနိုင်မည်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကင်ဆာရောဂါကုသမှုလုပ်ငန်းများအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသစက်အသစ်တစ်လုံးတပ်ဆင်ခဲ့ပြီး ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စက်အသစ်တစ်လုံး ထပ်မံတပ်ဆင်ခြင်းဖြစ်သည်။

ထို့ပြင် နေပြည်တော်တွင် PET-CT and Cyclotron စက်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာရောဂါကုသရေးစင်တာတွင် ကင်ဆာရောဂါ ဓာတ်ရောင်ခြည် ကုသစက်အသစ်သုံးလုံးကိုလည်းကောင်း မကြာမီတွင် တပ်ဆင်၍ ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များအတွက် ဆေးကုသမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါသည် သေဆုံးမှုနှုန်း အမြင့်ဆုံးရောဂါတစ်ခုဖြစ်ပြီး ယခုလှူဒါန်းသည့် Bhabhatron-II ကင်ဆာဓာတ်ရောင်ခြည်ကုထုံးစက်သည် တစ်ရက်လျှင်ကင်ဆာလူနာ ၇၀ ခန့် ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသနိုင်သည့်အတွက် မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များကို အချိန်နှင့်တစ်ပြေးညီ ကုသရာတွင် များစွာအထောက် အကူပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် Imagin စက်သည် အဆင့်မြင့်ပုံရိပ်နည်းပညာသုံးစက်ဖြစ်သည့်အတွက် ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် တိကျသည့် ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသမှုကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံသည် အပြန်အလှန်အလေးထားမှုဖြင့် အားကောင်းသည့် သံတမန်ဆက်ဆံရေးတည်ရှိပြီးဖြစ်ကာ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းသုတေသနများ၊ တိုင်းရင်းဆေးပညာ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများတင်ပို့မှုနှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်းနယ်ပယ်များတွင် ကာလရှည်ကြာပူးပေါင်း ဆောင်ရွက်မှုများရှိကြောင်း၊ ယခုလှူဒါန်းမှုဖြင့် နှစ်နိုင်ငံအကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ကင်ဆာရောဂါလူနာကုသမှုများအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ သက်ခိုင်ဝင်းက ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆေးကုသဆောင်သစ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လှူဒါန်းသည့် ကင်ဆာဓာတ်ရောင်ခြည်ကုသစက် (Bhabhatron-II and Imagin)လွှဲပြောင်းလက်ခံခြင်းအခမ်းအနား၌ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Shri Abhay Thakur က Bhabhatron-II and Imagin စက်များလှူဒါန်းရသည့် အကြောင်းရင်းနှင့် စပ်လျဉ်း၍ ယခုလှူဒါန်းမှုဖြင့် မြန်မာနိုင်ငံရှိ ဓာတ်ရောင်ခြည်ကုထုံးလိုအပ်လျက်ရှိသည့် ကင်ဆာရောဂါဝေဒနာရှင်များကို အချိန်နှင့်တစ်ပြေးညီ ကုသမှုပိုမိုလုပ်ဆောင်နိုင်ရေး ရည်ရွယ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ကျန်းမာရေးကဏ္ဍတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နှစ်စဉ်နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၁၀ ဘီလီယံကျော်အသုံးပြု၍ ကင်ဆာရောဂါကုသသည့် ဆေးဝါးများကိုတိုးမြှင့် ဝယ်ယူပေးလျက်ရှိသည့်အပြင် ယခုကဲ့သို့ ကင်ဆာရော ဂါကုသသည့် ခေတ်မီစက်ကိရိယာများကို တိုးချဲ့တပ်ဆင်ခြင်းအားဖြင့် နေ့စဉ်ကင်ဆာရောဂါလူနာများကို ပိုမိုကုသမှုပေးနိုင်မည်ဖြစ်ပြီး ကင်ဆာရောဂါဝေဒနာရှင်များအတွက် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဝါဆိုလပြည့်နေ့ ဘုရားစေတီပုထိုးများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြုအပန်းဖြေသူများနှင့် စည်ကား



**မန္တလေး ဇူလိုင် ၂၀**

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေးမြို့၏ အထင်ကရသမိုင်းဝင် ဘုရားစေတီပုထိုးများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြုအပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်။

ယခုသီတင်းပတ်တွင် အာဓာနည်နေ့၊ ဝါဆိုလပြည့်နေ့ရုံးပိတ်ရက်များဖြစ်သောကြောင့် နံနက်ပိုင်းတွင် ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသင်္ကန်းကပ်လှူ ခြင်း ကုသိုလ်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။ ညနေပိုင်းတွင် ရတနာပုံဥယျာဉ်၊ တောင်သမန် ဦးပိန်တံတားတို့၌ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ မန္တလေးမြို့ သမိုင်းဝင် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရားတို့မှာ ဝါဆိုလပြည့်နေ့၏ သာယာအေးချမ်းလှသည့် ရာသီဥတုနှင့် စိတ်အေးချမ်းလုံခြုံစွာဖြင့် ကုသိုလ်ပြုလုပ်သူများပြားနေသည်မှာ မန္တလေးမြို့တော်၏ အစဉ်အမြဲမြင်တွေ့နေကျ မြင်ကွင်းဖြစ်သည်။

ထို့ပြင် သမိုင်းဝင်ဘုရားများဖြစ်သည့် အောင်တော်မူဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဆုတောင်းပြည့်ဘုရား၊ အိမ်တော်ရာဘုရားဝင်းတို့တွင်လည်း ယနေ့ လပြည့်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အထူးစည်ကားနေသလို တောင်သမန် ဦးပိန်တံတားတို့တွင် ရေပြည့်နေသောကြောင့် ငှက်လှေစီးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ဝါဆိုလပြည့်နေ့နှင့် အစိုးရရုံးပိတ်ရက်များဖြစ်တာကြောင့် မန္တလေးမြို့ခံပြည်သူများအပြင် ရပ်ဝေးရပ်နီးမှ လာရောက်ကြသည့် ဧည့်သည်များသည် စားသောက်ဆိုင်များတွင် မိသားစုလိုက်အနားယူအပန်းဖြေသူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## နနွင်းပွင့်များ ချိုးယူရောင်းချရသဖြင့် နနွင်းစိုက်တောင်သူများ မိသားစုအပိုဝင်ငွေရရှိ

**ကျောက်ဆည် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အရှေ့သပြေကုန်းကျေးရွာတွင် စိုက်ပျိုးထားသော နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နနွင်းပွင့်များ ချိုးယူရောင်းချသဖြင့် နနွင်းစိုက်တောင်သူမိသားစုများအပိုဝင်ငွေရရှိလျက်ရှိသည်။

နနွင်းပွင့်များကို နနွင်းစိုက်ပျိုးပြီး (၄)လခန့်အကြာတွင် ခူးဆွတ်ရောင်းချရပြီး နနွင်းတစ်ဧကတွင် ငွေကျပ် ၈၀၀၀၀ခန့် ရရှိသဖြင့် နနွင်းစိုက်တောင်သူများအနေဖြင့် အပိုဝင်ငွေရရှိကြောင်း၊ နနွင်းသီးနှံသည် မြေထဲတွင် အတက်ပွားသည့် သီးနှံဖြစ်သောကြောင့် စိုက်ပျိုးမည်ဆိုပါက ထယ်ရေးကောင်းစွာ မြေပြုပြင်ပြီး အကျယ်(၃)ပေ၊ အမြင့်(၁)ပေခွဲခန့် မြေပေါင်များပြုလုပ်ကာ တစ်ပင်နှင့် တစ်ပင် ၆လက်မခန့်အကွာ စိုက်ပျိုးရကြောင်းနှင့် စိုက်ပျိုးပြီး မြေအစိုဓာတ်မပြတ်ရရှိစေရန် ရေသွင်းပေးရကြောင်း၊ (၈)လကျော်ပါက နနွင်းများတူးဖော်ရပြီး အပင်အပြုအစုအပေါ် မူတည်၍ နနွင်း(၁)ဧကတွင်နနွင်း၃၇၀၀ ပိဿာမှ ၄၀၀၀ပိဿာထွက်ရှိကြောင်း နနွင်းစိုက်ပျိုးတောင်သူများထံမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် နနွင်းသီးနှံများကို ပွတ္တိုင်၊ ညောင်ဝန်း၊ ကြောင်ပန်းကုန်း၊ သင်္ဂတုံ၊ အရှေ့သာဂရ၊ ကလေး၊ မှိုင်းပန်၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ ဟံမြင့်မိုရ်၊ လယ်ကြီး၊ ပုန်းညက်ကျေး၊ ကျားကား၊ ခါးတက်ကုန်း၊ ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်ကျေးရွာများတွင် အများအပြားစိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(၄၈၅)





## မြို့နယ်စီမံကိန်းရုံး အဝင်လမ်းကွန်ကရစ်လမ်းခင်းဆောင်ရွက်

**ရေနံချောင်း ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သော ရေနံချောင်းမြို့ သစ်တပွေရပ်ကွက်၊ ငွေဘုံသာရပ်ရှိ မြို့နယ်စီမံကိန်းရုံးအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းအမည်ဆိုင်းဘုတ်စိုက်ထူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သိရသည်။

အဆိုပါ လုပ်ငန်းကို မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကွန်ကရစ်လမ်းအား ငွေကျပ်(၇ ဒသမ ၇)သန်းဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကာ ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် သာမန်ရန်ပုံငွေဖြင့် ရေနံချောင်းမြို့ ညောင် လှရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်း၌ လမ်းအမည်ပါသည့် ဆိုင်းဘုတ်စိုက်ထူခြင်းလုပ်ငန်းများကို ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၇၄၂)

ဝ-ဝ-ဝ-ဝ-ဝ

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynews paper @ gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှ

ပခာန်နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ၊ နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကပ်လှူပူဇော်

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာသီဟနာဒကျောင်းတိုက် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ရာပြည့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

»»» စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ယင်းနောက် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်** ဟူသော ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဝါဆိုလပြည့်မှစကြာ အခါတော်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကိုအောင်မြင်စွာဆင်ယင်ကျင်းပပူဇော်နိုင်ခဲ့ပြီး ယနေ့တွင် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ တစ်နှစ်ပြည့်အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကိုကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘသွေး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

သတင်း စာမျက်နှာ ၂၄



သတင်း စာမျက်နှာ ၂၄















# ၂၀၂၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး ဇူလိုင် ၂၀**

၂၀၂၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသောဆရာတော် သံဃာတော် ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။





ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီး ထံဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြပြီးနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြ၍ အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ









# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan ၏ Chongqing China Three Gorges Museum အောင်မြင်မှုရရှိထား

ရှောင်ကျန့် နောက်ခံစကားပြောထားသည့် National Treasure Docuravity ၏ ချုံချင့်မြို့အပိုင်း ပြသပြီးနောက် ချုံချင့်မြို့ရှိ ပြတိုက်သို့ လာရောက်သူ များပြား၍ အောင်မြင်မှုရရှိထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ "ချုံချင့်မြို့အကြောင်း သိချင်လျှင် ကျွန်တော်နောက်လိုက်ခဲ့ပါ"ဟု ရှောင်ကျန့်က ဖိတ်ခေါ်ထားသော မှတ်တမ်းရုပ်ရှင် National Treasure Docuravity ကို ကြည့်ရှုပြီးနောက် လွန်ခဲ့သည့် လကုန်ထိ လာရောက်ကြည့်ရှုသူများ ပြည့်နေခဲ့ပြီး နောက်ရက်များအတွက်လည်း ကြိုတင်စာရင်းပေးထားကြသည်။

ချုံချင့်မြို့အပိုင်းပြပြီးနောက် Chongqing China Three Gorges Museum တွင် လာရောက်သူ များပြားကြောင်း ဌာနက မှတ်တမ်းတင်ပေးထားကာ ရှောင်ကျန့်၏ အမိတက္ကသိုလ် ချုံချင့်နည်းပညာနှင့် စီးပွားရေးတက္ကသိုလ်ကလည်း ရှောင်းကျန့်အကြောင်း ဂုဏ်ယူဖွယ် တင်ပြထားသည်။

အဆိုပါမှတ်တမ်းရုပ်ရှင်မှ ဝန်ထမ်းကလည်း ရှောင်ကျန့်ကို အလုပ်များသည့်ကြားမှ မွေးရပ်မြေဇာတိကို ချစ်သည့်စိတ်နှင့် အခကြေးငွေ မယူဘဲ နောက်ခံစကားပြောပေး၍ ကျေးဇူးတင်စကား ပြောကြားထားသည်။ (SKY)



## Antony Starr က The Boys ကို Emmy ဆုရရန် သရုပ်ဆောင်ခြင်းမဟုတ်ဟု ပြောကြား



ဟောလိဝုဒ်ဇာတ်ကား The Boys ထွက်ရှိလာပြီး အပိုင်းလေးထိ ရောက်ရှိလာကာ အန်တိုနီစတား သရုပ်ဆောင်ထားပြီး ပရိသတ်များက Emmy ဆုပေးရန် ပြောကြားခဲ့သဖြင့် ဆုရရှိရန် သရုပ်ဆောင်ခြင်းမဟုတ်ဟု ပြောကြားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် သူ၏ ပြောင်မြောက်သော သရုပ်ဆောင်ချက်များကြောင့် အချို့က Emmy ဆုပေးရန် တောင်းဆိုလာကြသဖြင့် အန်တိုနီစတားက အင်တာဗျူးတစ်ခုတွင် ဆုရရန် သရုပ်ဆောင်ခဲ့ခြင်းမဟုတ်ဟု ပြောကြားသွားသည်။

ယင်းဇာတ်ကား အပိုင်းတစ်ခုတွင် အန်တိုနီစတား၏ လက်တန်းသရုပ်ဆောင်ချက်ကို ပရိသတ်သဘောကျခဲ့ကြပြီး ရုပ်သံတီဗွီထူးချွန်ဆုကို ပေးရန် ထိုက်တန်သည်ဟု ပြောခဲ့ကြသည်။ အပိုင်းငါးတွင် ဇာတ်သိမ်းမည်ဖြစ်ပြီး The Boys ၏ အကြီးတန်းတာဝန်ရှိသူက ကမ္ဘာကြီးတွင် စူပါဟီးရိုးများ လွှမ်းမိုးနေချိန် ထင်ရာစိုင်းနေကြသော စွမ်းအားလွန်စူပါလူသားများကို အမြစ်ပြတ်ရှင်းလင်းရန် တာဝန်ယူခဲ့သောအဖွဲ့အကြောင်း အခြေခံ ရိုက်ကူးထားသည်ဟု ပြောကြားသွားသည်။ (SKY)

## Jun Jin Hyun အလုတရားနောက်ကွယ်မှ Yoga ကျင့်စဉ်အကြောင်း သိရ

ထိပ်တန်းအနုပညာရှင် မင်းသမီး ဂျောင်ဂျီဟွန်း၏ အလှတရားနောက်ကွယ်တွင် နေ့စဉ် ယောဂကျင့်စဉ်များ ကျင့်ကြံခဲ့သဖြင့် လှပနုပျိုနေခြင်းဖြစ်သည်ကို ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဂျီဟွန်းကို ရေသူမ ချစ်သူနှင့် လူသိများခဲ့ကြပြီး လက်ရှိအချိန် အသက် ၄၀ ကျော် အထိ နုပျိုလှပနေကာ သားသမီးနှစ်ဦးမိခင်ဖြစ်သော်လည်း ပျိုရွယ်နေရခြင်းအကြောင်းရင်းမှာ နေ့စဉ် ယောဂကျင့်စဉ်ကြောင့်ဟု ပြောကြားသွားခဲ့သည်။

ဂျောင်ဂျီဟွန်းက နံနက်ပိုင်းတွင် နေရှိရာဘက် မျက်နှာမူ၍ နေမင်းကန်တော့ကျင့်စဉ်နှင့် အခြား ယောဂကျင့်စဉ်များကို နှစ်ချီ၍ ကျင့်ကြံခဲ့ရာမှ ကိုယ်ခန္ဓာရော စိတ်ပိုင်းဆိုင်ရာပါ လွတ်လပ်ပေါ့ပါး၍ အသက်ကြီးလာသော်လည်း နုပျိုလန်းဆန်း လှပမှုကို ပိုင်ဆိုင်ထားဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။ (SKY)



## Chen Zheyuan တို့အဖွဲ့ ရသစုံရိုက်ကူးရေး ပြုလုပ်နေ

တရုတ်အနုပညာရှင် ချန်ရှီယွမ်၊ ဂူလီနာရှာ၊ ကျန်ယူလောင်း၊ လီန်ဂျီ၊ ချိန်လိန်၊ ယောင်ဒီတို့ ပါဝင်ထားသောအဖွဲ့က Random Tour Variety Show တွင် ပျော်ရွှင်စွာရိုက်ကူးရေးပြုလုပ်နေကြသောပုံရိပ်များ ထွက်ပေါ်လာသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရိုက်ကူးရေးတွင် ချန်ရှီယွမ် ပါဝင်သော အနုပညာရှင်များအဖွဲ့က တရုတ်ရိုးရာဝတ်စုံများနှင့် ခမ်းနားစွာမြင်တွေ့ကြရပြီး ရသစုံလင်အစီအစဉ်တွင် ပျော်ရွှင်စွာ ပါဝင်ထားကြသည်။

တစ်ဦးနှင့်တစ်ဦး ဓာတ်ပုံများရိုက်ကူး၍ ဝိန်ဘိုတွင် တင်ပေးထားရာ လှပသောရှုခင်းများနောက်ခံ၍ ခေတ်မီဖက်ရှင်ဒီဇိုင်းများနှင့် တစ်မျိုး၊ ရိုက်ကွင်းအတွက် တရုတ်ရိုးရာဝတ်စုံများနှင့်တစ်ဖုံ မြင်တွေ့ကြရပြီး မြင်းစီး၊ လေးပစ်အခန်းများပါ မြင်တွေ့ကြရသည်။




ပရိသတ်များက အနုပညာရှင် များကို လက်တွေ့ဘဝနှင့် မြင်တွေ့ကြရ၍ သဘောကျအားပေးထားကြသည်။ (SKY)



## ဗိတ်ထဲတွင်ပါဝင်သော နာနိုသတ္တုမှုန့်များကြောင့် လူတို့ကို ဘေးဖြစ်စေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိ

ဆေးရွက်ကြီးဖြင့် ဖန်တီးပြုလုပ်ထားသော စီးကရက်သောက်ခြင်းကြောင့် လူ့ကျန်းမာရေးကို အလွန်ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များ သိရှိခဲ့ပြီးဖြစ်သည်။

ထိုဘေးအန္တရာယ်မှ ရှောင်ရှားနိုင်စေရန် စီးကရက်ထုတ်လုပ်သည့်လုပ်ငန်းများက စီးကရက်အစားထိုး ဗိတ်ဆေးတံများကို ဖန်တီးပြုလုပ်ပြီး စီးပွားဖြစ်ဖြန့်ဖြူးရောင်းချခဲ့ကြပြန်သည်။

ယခုနောက်ပိုင်းတွင် စီးကရက်နှင့် ဆေးလိပ်ဖြတ်လိုသူများသာမက ကလေးသူငယ်များကပါ ဗိတ်သောက်သည့်အကျင့်စွဲကပ်လာကြသည်။

လူအများကိုစွဲဆောင်လျက်ရှိသည့် ဗိတ်၏ဆိုးကျိုးများကို သိရှိရန် အမေရိကန်သိပ္ပံပညာရှင်များ မကြာသေးမီက စူးစမ်းလေ့လာခဲ့ရာ ၎င်းတွင်ပါဝင်သည့် ပကတိမျက်စိဖြင့် မမြင်နိုင်သော နာနိုသတ္တုမှုန့်များကြောင့် လူတို့ကို ဘေးဖြစ်စေနိုင်မည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (Mon)

## Yang Zi တစ်လအတွင်း အကျော်ကြားဆုံး စာရင်းဝင်



တရုတ်အနုပညာလောကမှ တစ်လအတွင်း အကျော်ကြားဆုံး အနုပညာရှင် မင်းသားနှင့် မင်းသမီးများကို ရွေးချယ်ခဲ့ရာ အမျိုးသမီးစာရင်းတွင် ယောင်ဇီက ထိပ်ဆုံးစာရင်းဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းဝင် ထိပ်တန်းလေးဦးတွင် အမျိုးသမီးအနုပညာရှင် ယောင်ဇီ၊ လျူရီဖိန်း၊ ယောင်မီနှင့် တီအန်ရှီဝိန်တို့ စာရင်းဝင်ခဲ့ကြသည်။

အမျိုးသားအနုပညာရှင်များ စာရင်းတွင် ထိပ်ဆုံးလေးဦး စာရင်း၌ ရှောင်ကျန့်၊ ရမ်ဂျီအာလန်၊ ဂေါင်ဂျွမ်နှင့် တန်ဂျီအန်ချီတို့ ပါဝင်ထားကြသည်။

ယင်းအနုပညာရှင်များပါဝင်ထားသည့် ဇာတ်ကားများမှာ ပရိသတ်ကြား ရေပန်းစားခဲ့ကာ ကြည့်ရှုနှုန်းများပြားခဲ့၍ ကျော်ကြားသော အနုပညာရှင်များဖြစ်ခဲ့ပြီး တစ်လအတွင်း အကျော်ကြားဆုံးစာရင်းဝင်ဖြစ်ခဲ့သည်။

ဝမ်ရီဘိုက ယူကူတွင် ထိပ်ဆုံးစာရင်း၌ ပါဝင်ထားသည်။ (SKY)

## Xu Kai ၏ As Beautiful As you ဇာတ်ကား ပရိသတ်အားပေးမှု မြင့်မား

ဇူလိုင်လဆန်းတွင် ထုတ်လွှင့်ခဲ့သည့် As Beautiful As you ဇာတ်ကားတွင် ရှုကိုန်ပါဝင်ထားပြီး လက်ရှိပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟူနမ်ရုပ်သံချန်နယ်တွင် အပိုင်း တစ်နှင့်နှစ် ပြပြီးစမှာပင် ကြည့်ရှုသူ ရာခိုင်နှုန်းမြင့်မားခဲ့ရာမှ ထိပ်ဆုံးအဆင့်ထိ ရောက်ခဲ့ကာ Mango TV တွင် ကြည့်ရှုနှုန်း နာရီပိုင်းအတွင်း ၁၉ သန်း ကျော်ရှိခဲ့သည်။




ဆက်လက်၍ Tencent နှင့် Mango TV တွင်လည်း ထုတ်လွှင့်ပြသခဲ့ကာ သရုပ်ဆောင်ရှုကိုန်ကို ကြိုက်နှစ်သက်ကြသည့် ပရိသတ်များ တစ်ခဲနက်အားပေးထားကြသည်။

အဆိုပါဒရမ်မာဇာတ်ကားတွင် ရှုကိုန်နှင့်အတူ တန်ဆောင်ယန်ကိုလည်း ပရိသတ်ကြိုက်နှစ်သက်ခဲ့ကြရာမှ Tencent heat Index 25000 ရောက်ရှိနေပြီဖြစ်၍ ဒရမ်မာစံချိန်ချိုးနိုင်တော့မည် ဖြစ်သည်။ (SKY)

# လန်ဒန်မှ စင်ကာပူအထိ စီးပွားရေးဈေးကွက်များ၌ ကွန်ပျူတာကွန်ရက်ပြဿနာ ဆိုးရွားစွာကြုံတွေ့နေရ



**လန်ဒန် ဇူလိုင် ၂၀**

လန်ဒန်မှ စင်ကာပူအထိ ရွှေ၊ ငွေ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ စတော့ရှယ်ယာ၊ ငွေကြေးအရောင်းအဝယ် စီးပွားရေးဈေးကွက်များ၌ ကွန်ပျူတာကွန်ရက်ပြဿနာ ဆိုးရွားစွာကြုံတွေ့နေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်ကမ္ဘာလုံးသို့ ကွန်ပျူတာ၊ အင်တာနက်ကွန်ရက်များဖြင့် ချိတ်ဆက်ထားသော ဆိုက်ဘာနယ်ပယ်အတွင်း ချွတ်ယွင်းချက်တစ်ခု ကြုံတွေ့ခဲ့ရာမှ ဈေးကွက်အသီးသီး၌ ပြဿနာကြီးမားလာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်အခြေစိုက် မိုက်ခရိုဆော့ဖ်ကုမ္ပဏီထုတ် ဝင်းဒိုးစ်စနစ် ထည့်သွင်းထားသော ကွန်ပျူတာများကို ပြန်ဖွင့်သည့်ခလုတ်နှိပ်ပြီးနောက် ဝင်းဒိုးစ် ပြန်တက်မလာတော့သဖြင့် ပုံမှန်လုပ်ဆောင်ရမည့် လုပ်ငန်းများ ကြန့်ကြာခဲ့ရခြင်း ဖြစ်သည်။

နိုင်ငံအချို့ရှိ ဈေးကွက်အများအပြားတွင် ထိုကွန်ပျူတာပြဿနာ ပုံမှန်ပြန်ဖြစ်အောင် ၂ ရက်၊ ၃ ရက်ကြာ အချိန်ယူပြုပြင်ရမည်ဟု သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Mon**







ဇူလိုင် ၁၈ ရက်မှစတင်၍ တစ်ကမ္ဘာလုံး၌ ကွန်ရက်ချိတ်ဆက်ထားသော ကွန်ပျူတာများထဲရှိ ဝင်းဒိုးစနစ် ထိခိုက်သဖြင့် လုပ်ငန်းများ နှောင့်နှေးသွားရာမှ လန်ဒန်မြို့တော်ရှိ ဟီးသရိုးလေဆိပ်၌ ခရီးသည်များ စုပြုံပိတ်မိနေသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။ **Mon**

## ဒေါ်လာ သန်း ၂၂၀ လျော်ကြေးရလိုမှုဖြင့် မယ်တာကုမ္ပဏီကို နိုင်ဂျီးရီးယား တရားစွဲဆို

**အဘူဂျာ ဇူလိုင် ၂၀**

ဖေ့စ်ဘွတ်ခ်၊ အင်စတာဂရမ်၊ သရက်ဒ်စ်နှင့် ဝှတ်အက်ပ်စ် လူမှုကွန်ရက်များကို ထိန်းချုပ်ထားသည့် အမေရိကန်အခြေစိုက် မယ်တာကုမ္ပဏီကို နိုင်ဂျီးရီးယားနိုင်ငံက ဒေါ်လာသန်း ၂၂၀ လျော်ကြေးရလိုမှုဖြင့် တရားစွဲဆိုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံသား လူမှုကွန်ရက်အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များကို ကာယကံရှင်များထံ အသိမပေးဘဲ အလွဲသုံးခဲ့သဖြင့် ၎င်းတို့ကိုယ်စား ထိုသို့ လျော်ကြေးတောင်းခဲ့ခြင်း ဖြစ်သည်။

မိမိတို့အနေဖြင့် မယ်တာကုမ္ပဏီလက်အောက်ခံ လူမှုကွန်ရက်များက နိုင်ဂျီးရီးယားနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို အလွဲသုံးနေကြောင်း ဖော်ထုတ်နိုင်ရန် ၃၈ လကျော် အချိန်ယူစောင့်ကြည့်မှတ်တမ်းတင်ခဲ့သည်ဟု စစ်ဆေးရေးအရာရှိချုပ် အဗ္ဗဒူလာက အတိအလင်းထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**







## ရွေးကောက်ပွဲမှ နုတ်ထွက်ရန် တိုက်တွန်းသူများကို သမ္မတ ဂျိုးဘိုင်ဒင် ထပ်မံလျစ်လျူရှုငြင်းဆန်

**ဝါရှင်တန် ဇူလိုင် ၂၀**

အသက်အရွယ်ကြောင့် သမ္မတ ဂျိုးဘိုင်ဒင် အာရုံဖောက်ပြန်ကာ လွဲချော်မှုများ ဆက်တိုက်ပြုလုပ်နေသဖြင့် ရွေးကောက်ပွဲမှ နုတ်ထွက်ရန် တိုက်တွန်းသူများ ရှိနေသည့်တိုင် ၎င်းတို့ကို ဇူလိုင် ၁၉ ရက်က ထပ်မံလျစ်လျူရှုငြင်းဆန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရွေးကောက်ပွဲမှ နုတ်ထွက်ရန် ဖိအားပေးခံနေရသည့်ကြားတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံခဲ့ရသော်လည်း လာမည့်အပတ်ထဲ၌ မဲဆွယ်စည်းရုံးဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်သည်ဟု ဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားသည်။

ပြိုင်ဘက်ဖြစ်သူ ဒေါ်နယ်လ်ထရမ့်ကို အနိုင်ရအောင် ယှဉ်ပြိုင်နိုင်မည့်သူမှာ ဂျိုးဘိုင်ဒင်သာဖြစ်သည်ဟု ဒုတိယသမ္မတ ကာမာလာဟဲရစ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0

## တရုတ်နိုင်ငံ ရှန်းဂလူမြို့၌ မြစ်ကူးတံတား ကျိုးကျ၊ လူ ၁၁ ဦးထက်မနည်း သေဆုံး၊ ၃၀ ဦးကျော် ပျောက်ဆုံး

**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်းရှီပြည်နယ် ရှန်းဂလူမြို့၌ ဇူလိုင် ၁၉ ရက် ညပိုင်းက မြစ်ကူးတံတား ကျိုးကျမှုဖြစ်ပွားရာ လူ ၁၁ ဦးထက်မနည်း သေဆုံး၊ ၃၀ ဦးကျော် ပျောက်ဆုံးနေကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြစ်ထဲတွင် ရုတ်တရက် ရေကြီးလာကာ ရေစီးဒဏ်ကို မခံနိုင်တော့သဖြင့် တံတားကျိုးကျခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်ပွားစဉ် တံတားပေါ် ဖြတ်သန်းနေသော ကားများအနက်မှ ကားအစီး ၂၀ ကျော် မြစ်ထဲထိုးကျသွားခဲ့သည်ဟု ယူဆကာ ကယ်ဆယ်ရှာဖွေရေးလှေ ၁၈ စင်းက လိုက်လံရှာဖွေကယ်ဆယ်ခဲ့ကြောင်း သိရသည်။

**Mon**

## ဝန်ကြီးချုပ်ကို လှောင်ပြောင်သော သတင်းထောက် ယူရို ၅၀၀၀ ပေးလျော်ရန် စီရင်ချက်ချမှတ်ခံရ

**ရောမ ဇူလိုင် ၂၀**

အီတလီဝန်ကြီးချုပ် ဂျော်ဂျီယိုမယ်လိုနီကို အင်တာနက်လူမှုကွန်ရက်မှ လှောင်ပြောင်သော သတင်းထောက် ဂီယူလီယာကော်တေဆေအား ယူရို ၅၀၀၀ ပေးလျော်ရန် ဇူလိုင် ၁၈ ရက်က စီရင်ချက် ချမှတ်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မယ်လိုနီ၏ ကိုယ်လုံးကိုယ်ထည် ဖွံ့ထွားခြင်းမရှိပုံကို အဆိုပါသတင်းထောက်က ၂၀၂၁ ခုနှစ်ကတည်းက အိတ်ခ််စ်လူမှုကွန်ရက်မှတစ်ဆင့် လှောင်ပြောင်ခဲ့ဖူးသေးသည်။

စင်စစ်တွင် အရပ် ၅ ပေ ၃ လက်မမြင့်သော ဝန်ကြီးချုပ် ဂျော်ဂျီယိုမယ်လိုနီကို အရပ် ၃ ပေ ၉ လက်မသာ ရှိသဖြင့် လူအများထဲ၌ မမြင်ရဘဲ ပျောက်နေသည်ဟု လုပ်ကြံရေးသားကာ လှောင်ပြောင်ခဲ့ခြင်း ဖြစ်သည်။

ကျင့်ဝတ်ဖောက်ဖျက်ခဲ့သော ထိုသတင်းထောက် ပေးလျော်သည့်ငွေကို ဝန်ကြီးချုပ် ဂျော်ဂျီယိုမယ်လိုနီက အများအတွက် လှူဒါန်းသွားမည်ဟု ၎င်း၏ ရှေ့နေက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**



## အခန်း ၅၀၂ က ပဟေဠိဆန်သော လူသတ်မှုအကြောင်း ရဲစုံထောက်များ ဆက်လက်စုံစမ်းမေးမြန်းမှု ပြုလုပ်

**ဘန်ကောက် ဇူလိုင် ၂၀**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်ရှိ ဂရင်းဟယတ်အီရာဝမ် ဟိုတယ်၏ ပဉ္စမထပ်ရှိ အခန်း ၅၀၂ တွင် ဇူလိုင် ၁၆ ရက်က ဖြစ်ပွားခဲ့သည့် ခြောက်လောင်းပြိုင် လူသတ်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစုံထောက်များ ဆက်လက်စုံစမ်းမေးမြန်းမှု ပြုလုပ်နေကြဆဲဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ ဆေးရုံဆောက်လုပ်သည့် စီမံကိန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံလိုသဖြင့် ဗီယက်နမ်နိုင်ငံသား လင်မယားနှစ်ယောက်ထံမှ ထိုင်းဘတ်ငွေ ၁၀ သန်း ချေးခဲ့သည်ဟု ယူဆရသော အမေရိကန်နိုင်ငံသူ ရှီရင်းချုန်း ဇူလိုင် ၁၄ ရက်တွင် ဟိုတယ်သို့ ရောက်လာပြီး အခန်း ၅၀၂ ကို ငှားရမ်းခဲ့သည်။

ထိုနေ့ မွန်းလွဲ ၂ နာရီအရောက် စားသောက်ဖွယ်ရာများ အခန်းထဲသို့ ပို့ပေးရန် ချုန်းက ကြိုတင်မှာယူခဲ့ရာ စားစရာများနှင့်အတူ ရောက်လာသည့် စားပွဲထိုးက လက်ဖက်ရည်ဖျော်ပေးမည်ပြောသည်ကို ချုန်း ငြင်းဆန်ခဲ့ကြောင်း စုံစမ်းသိရှိခဲ့သည်။

ထို့နောက် သတ္တမမြောက်အထပ်တွင် အခန်းတစ်သီးတစ်ခြားစီ ယူထားနှင့်ပြီးသူ ငါးဦး ထိုအခန်းပေါက်ဝသို့ ၂ နာရီ ၁၄ မိနစ်တွင် ရောက်လာခဲ့ကြသည်။

အခန်းတံခါးပိတ်သွားပြီးနောက်ပိုင်းတွင်မူ ထိုအခန်းထဲမှ မည်သည့်အသံမျှ မကြားရတော့ဘဲ ငြိမ်သက်သွားသည်။

ဟိုတယ်၏ တိုင်တန်းချက်အရ ဘန်ကောက်ရဲစုံထောက်များ အခန်း ၅၀၂ အတွင်းသို့ ညနေ ၄ နာရီခွဲ၌ ဝင်ရောက်လာခဲ့ရာ လူခြောက်ဦး ကြမ်းပြင်ပေါ်လဲကျသေဆုံးနေသည်ကို တွေ့ခဲ့ရသည်။

ချုန်းသည်သာ အဆိပ်ခတ်သတ်ဖြတ်သူ ဖြစ်နိုင်ခြေအရှိဆုံးဟု ယူဆရသော်လည်း ၎င်း မိမိကိုယ်မိမိ သတ်သေခဲ့ရခြင်း၏ အကြောင်းအရင်းကို ဖော်ထုတ်နိုင်ရန် ဆက်လက်စုံစမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**






## မူးယစ်ဆေးဝါးအန္တရာယ် HIV/AIDS ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မိတ္ထီလာ ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပြည့်စုံအောင်ကိုယ်ပိုင် အထက်တန်းကျောင်းတွင် ဇူလိုင် ၁၈ရက် နံနက် ၉နာရီက မိတ္ထီလာခရိုင် အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး သုံးစွဲမှု ပပျောက်ရေး အသင်းခွဲတို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ် အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးအောင်ဋ္ဌေးဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းခွဲ အမှုဆောင် ဦးရွှေကြည်က ဟောပြောပြီး အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် HIV/AIDS ရောဂါအကြောင်း ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ အသင်းခွဲ အလုပ်အမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)

# အမြို့မြို့အနယ်နယ်မှ မှုခင်း သတင်းများ

## ရန်-မန်းကားလမ်းတွင် လမ်းဘေးရပ်ထားသော (၂၂)ဘီးတွဲယာဉ်အား အိမ်စီးကားမှ ဝင်တိုက်မှုဖြစ်ပွား

**ကျောက်ဆည် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်ကျေးရွာအုပ်စု၊ဆူလေကုန်းကျေးရွာအနီး မိုင်တိုင်အမှတ်(၃၆၁/၁)နှင့်(၃၆၁/၂)ဖာလုံကြား၊ရန်ကုန်-မန္တလေးသွား ကားလမ်းတွင် (၂၂)ဘီး တွဲယာဉ်နှင့် Suzuki Artiga အိမ်စီးကားတို့ တိုက်မိမှု ဇူလိုင် ၁၈ရက် မွန်းလွဲ ၃နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်နေ မင်းရန်နိုင် မောင်းနှင်ပြီး ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်ရွှေစင်ဝင်း၊ မကေရီမြင့်မိုရ်တို့ လိုက်ပါလာသော NPW-6/1Q--SuzukiArtiga အိမ်စီးကားသည် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် ရန်-မန်း ကားလမ်းဘေး၌ ဘီးပေါက်၍ ရပ်တန့်ထားသည့် MDY13/9K---FUSO နောက်တွဲယာဉ် အမှတ် BGO---ဘိလပ်မြေအိတ်များ တင်ဆောင်ထားသော (၂၂)ဘီးယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်မိခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ဝင်တိုက်မိရာမှ အိမ်စီးကား ရှေ့ခြမ်းကြေမွပျက်စီးကာ ယာဉ်မောင်း မင်းရန်နိုင်တွင် ဦးခေါင်းကြေမွဒဏ်ရာ၊ ဒေါ်မြင့်မြင့်ခိုင်တွင် ဦးခေါင်းထိပ်ပေါက်ပြဲ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ပြီး ဒေါ်ရွှေစင်ဝင်းတွင် မေးစေ့ပေါက်ပြဲဒဏ်ရာ၊ ယာဘက်ခြေထောက် နာကျင်ဒဏ်ရာ၊ မကေရီမြင့်မိုရ်တွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲ ဒဏ်ရာ၊ ယာဘက်၊ မျက်ခုံးဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြသည်။

ယာဉ်တိုက်မှုဖြစ်သည့်နေရာသို့ ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဟံမြင့်မိုရ်နယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီး ဦးအောင်မျိုးသွင်နှင့်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများအား မုဒိတာလူမှုကူညီရေး အသင်းယာဉ်ဖြင့် ကျောက်ဆည်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြပြီး မင်းစုနယ်မြေရဲစခန်းမှ ဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်းသိရသည်။

(၀၅၇)



## ပန်းကွဲတောင်အဆင်းလမ်းတွင် ကုန်တင်ယာဉ်နှင့် အိမ်စီးယာဉ်တိုက်မိ

**ကျိုင်းတုံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်၊ အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ပန်လော့ကျေးရွာအနီးနတ်စင်အနီးတွင် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီခွဲခန့်က တာချီလိတ်မြို့ဘက်မှ မောင်းနှင်လာသော ၁၂ ဘီးကုန်တင်ယာဉ်နှင့် ကျိုင်းတုံမြို့ဘက်မှ မောင်းနှင်လာသော Toyota Succeed အမျိုးအစား အဖြူရောင်ယာဉ်တို့ တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် တိုယိုတာ အမျိုးအစား အိမ်စီးယာဉ်ပေါ်တွင်လိုက်ပါလာသော ကလေးငယ်များအပါအဝင် အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး၊ စုစုပေါင်း ခြောက်ဦးသေဆုံးကာ ကုန်တင်ယာဉ်ပေါ်မှ ယာဉ်မောင်းအပါအဝင် ယာဉ်မောင်းအပါအဝင် နှစ်ဦး(စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျိုင်းတုံဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

*-*-*-*-*

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ မန္တလေးမှ ရန်ကုန်သို့ မောင်းနှင်လာသောယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် KARGO Dry Charged Battery ၁၁၃ လုံး၊ DAEWOO Cut off Saw ၆၂လုံးအပါအဝင် ကုန်ပစ္စည်းကိုးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Van နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၁၀ကီလိုဂရမ်ပါ အိတ် ၁၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၇ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သည့် Cycle Tube အခု ၂၀၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**မူးယစ်ဟူက တိုက်ဖျက်ကြ ။**

## မိုးညှင်းမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ရာနိုက်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၈နာရီ ၅ မိနစ်က သက်သေများနှင့်အတူ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် အောင်ထက်ကိုကို မောင်းနှင်ပြီး နိုင်နိုင်ထွန်း(ခ)နိုင်ထွန်း၊ ခွန်းအောင်(ခ)အောင်ဟိန်းနှင့် သန်းစိုးလင်းဆိုသူ တို့လိုက်ပါလာသည့် ၁၂ ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ရာနိုက် အလေးချိန် ၅၂၅၀ကီလို မြန်မာငွေကျပ်သိန်း ၄၀နှင့် လက်ကိုင်ဖုန်း ၄လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅နာရီက အဆိုပါထိန်းချုပ်ပစ္စည်းများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သက်ပိုင်စိုး(ခ)သက်ပိုင်ဆိုသူအား မြစ်ကြီးနားမြို့နယ်၊ ၂၁မိုင်ပူးပေါင်း စစ်ဆေးရေးဂိတ်အနီးတွင် လက်ကိုင်ဖုန်း တစ်လုံးနှင့် လည်းကောင်း၊ မွန်းလွဲ ၂နာရီအချိန်တွင် နန်းဦးနှင့် ထက်လင်းဆိုသူတို့အား မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်တွင် မြန်မာငွေကျပ်သိန်း၁၀၀နှင့် လက်ကိုင်ဖုန်း ၂လုံးတို့အား လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် နိုင်နိုင်ထွန်း(ခ)နိုင်ထွန်း(၃၀)နှစ်၊ ခွန်းအောင်(ခ)အောင်ဟိန်း(၃၈)နှစ်၊ သန်းစိုးလင်း(၂၈)နှစ်၊ သက်ပိုင်စိုး(ခ)သက်ပိုင်(၂၉)နှစ်၊ နန်းဦး(၂၉)နှစ်နှင့် ထက်လင်း(၃၀)နှစ်ဆိုသူတို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# စဉ့်ကူးမြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် ဇူလိုင်လ လဆန်းပိုင်းမှစ၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ စဉ့်ကူးမြို့ဝန်းကျင်ရှိ လုံခြုံရေးတပ်စခန်းများကို တိုက်ခိုက်ခြင်း၊ မြို့အတွင်းသို့ဝင်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသောနေရာများကို တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့နောက် PDF အမည်ခံ အကြမ်းဖက်သမားများသည် မြို့နှင့် အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ နေရပ်စွန့်ခွာသူ ဒေသခံများ၏ နေအိမ်များသို့ ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် စဉ့်ကူးမြို့မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရပြီး ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို လက်မခံနိုင်သော စဉ့်ကူးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ၎င်းတို့၏ ရပ်ရွာလုံခြုံရေးအတွက် မြို့၊ ရွာ ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး တပ်မတော်အနေဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ရန်အတွက် လိုအပ်သည့် မြို့၊ ရွာ ကာကွယ်ရေးအဖွဲ့များအပါအဝင် ပြင်ဆင်လေ့ကျင့်ခြင်းနှင့် လိုအပ်သည့် စုဖွဲ့မှုများကို ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ စုဖွဲ့ပြင်ဆင်ပြီးနောက် တပ်မတော်စစ်ကြောင်းများသည် စဉ့်ကူးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ PDF အမည်ခံ အကြမ်းဖက်သမားများအား အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ရန်အတွက် ဇူလိုင် ၁၉ ရက်တွင် စဉ့်ကူးနယ်မြေအတွင်းသို့ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ စနစ်တကျ အဆင့်ဆင့်ခြေကုပ်ယူ၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူချီတက်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး စဉ့်ကူးမြို့အား ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် စဉ့်ကူးမြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များအားအကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် စဉ့်ကူးမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ဖြစ်စဉ်ပြပုံ။




လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူချီတက်တိုက်ခိုက် ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စဉ့်ကူးမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်






PDF အမည်ခံအကြမ်းဖက်သမားများက စဉ့်ကူးမြို့အတွင်းရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အဦများအတွင်း မီးရှို့ဖျက်ဆီးထားမှုအား တွေ့မြင်ရစဉ်။




စဉ့်ကူးမြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်ထားနိုင်မှုအား တွေ့မြင်ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဇူလိုင် ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် "Ko Thu Rain"၊ "Myanmar New"၊ "Zaw Ko Ko Aung"၊ "Myan Go" Facebook အကောင့်များပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စမ်းကြားကျေးရွာနေ သူရိန်(ခ)တရုတ်အား မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Arthur Fils တက်ရောက်

**ဟမ်းဘတ် ဇူလိုင် ၂၀**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပြင်သစ် တင်းနစ် ကစားသမား Arthur Fils တက်ရောက်ခဲ့သည်။



အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils သည် ကွာတားဖိုင်နယ်အဆင့်တွင် ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune အား ၆-၄၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils နှင့် အာဂျင်တီးနားတင်းနစ်ကစားသမား Sebastian Baez တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0

## ဆာဗီယို မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ် ၂၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မန်ချက်စတာ ဇူလိုင် ၂၀**

တောင်ပံကစားသမား ဆာဗီယို မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ် ၂၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်ရှိ ဈေးကွက်အတွင်းတွင် ထရွိုင်းယက်စ်အသင်းမှ မန်ချက်စတာစီးတီးအသင်းသို့ ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ဆာဗီယိုသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်သတ်မှတ်ခြင်းခံထားရသောကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် ဆာဗီယို အသင်းမှာ ကျောနံပါတ် ၂၆ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ 'သူဟာ အနာဂတ်မှာလည်း ထွန်းတောက်လာမယ့် ကစားသမားတစ်ဦးဖြစ်လာဦးမှာပါ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားတွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ' ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)** (NGB)




## ကက်စပါရှမိုက်ကယ်အား တစ်နှစ်စာချုပ်ဖြင့် ဆဲလ်တစ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၀**

ဆဲလ်တစ်အသင်းသည် ဝါရင့်ဂိုးသမား ကက်စပါရှမိုက်ကယ်အား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဝါရင့်ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လိဒ်စ်၊ လက်စတာစီးတီး၊ နိုက်စ်၊ ကာဒစ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ဂိုးသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆဲလ်တစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ဆဲလ်တစ်အသင်းထုတ်ပြန်ချက်တွင် ကက်စပါရှမိုက်ကယ်အား ခေါ်ယူခဲ့ပါပြီ။ 'သူ့အနေနဲ့လည်း အသင်းကို များစွာအထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားသစ်များစွာ ခေါ်ယူအားဖြည့်သွားဦးမှာပါ' ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)




## အေစီမီလန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု မိုရာတာ ပြောကြား

**မီလန် ဇူလိုင် ၂၀**

တိုက်စစ်မှူး မိုရာတာက မိမိအနေဖြင့် လာမည့်ဘောလုံးရာသီအသစ်တွင် အေစီမီလန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၃သန်း၊ ၂၀၂၈ခုနှစ်+၁နှစ် သက်တမ်းတိုးခွင့်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်။

တိုက်စစ်မှူး မိုရာတာသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ ပွဲကစားကာ ၃၆ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ မိုရာတာက 'ကျွန်တော် အေစီမီလန် အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီအသစ်မှာ အောင်မြင်မှုများစွာ ရယူသွားမှာပါ' ဟု ပြောသည်။ **(အပေါ်ဝဲပုံ)**

(NGB)

## လာပေါ့တ်အား ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဇူလိုင် ၂၀**

စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းခံစစ်ပိုင်းအားဖြည့်ရန်အတွက် ဆော်ဒီကလပ် အယ်လ်နာဆာအသင်း နောက်ခံကစားသမား လာပေါ့တ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အယ်လ်နာဆာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

နောက်ခံကစားသမား လာပေါ့တ်ကိုယ်တိုင်ကလည်း စပိန်လာလီဂါသို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အယ်လ်နာဆာအသင်းထံမှ လာပေါ့တ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(ယာပုံ)**

(NGB)



## နည်းပြ ဗီအဲရာ စတာရာဘော့စ်အသင်းနှင့် လမ်းခွဲ

**ပါရီ ဇူလိုင် ၂၀**

စတာရာဘော့စ်အသင်းသည် အသင်းနည်းပြ ဗီအဲရာနှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် စတာရာဘော့စ်အသင်းအား ၂၀၂၃ခုနှစ် ဇူလိုင်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၉ ပွဲတွင် ၁၄ ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

စတာရာဘော့စ်အသင်း ထုတ်ပြန်ချက်တွင် နည်းပြ ဗီအဲရာ အသင်းနှင့် လမ်းခွဲခဲ့ပါပြီ။ 'သူ့အနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုတွေ ရရှိပါစေလို့ တောင်းဆုပြုပါတယ်။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ' ဟု ထုတ်ပြန်သည်။ **(ယာပုံ)**

(NGB)



## နည်းပြ ဖာဘရီဂတ်စ် ကိုမိုအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆို

**တူရင် ဇူလိုင် ၂၀**

စီးရီးအေတန်းတက်ကလပ် ကိုမိုအသင်းသည် နည်းပြ ဖာဘရီဂတ်စ်အား လေးနှစ်စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အသင်းအား လာမည့်ဘောလုံးရာသီအသစ်တွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြ ဖာဘရီဂတ်စ်အား လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ကာ နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ ဖာဘရီဂတ်စ်က ကျွန်တော် ကိုမိုအသင်းနဲ့ လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ 'ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကိုမိုအသင်းရလဒ်ကောင်းတွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

**(ယာပုံ)**

(NGB)



### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်များ 　 နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၁-၇-၂၀၂၄ တနင်္ဂနွေနေ့ | မွန်းလွဲ ၂း၃၀နာရီ | ဩစတြေးလျ - ဗီယက်နမ် |
| ။ | ည ၇း၀၀နာရီ | မြန်မာ - လာအို |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) ဇယား 　 နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁/၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၁-၇-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၃း၃၀ နာရီ (ပုသိမ်ကွင်း) | (၉)ရောဝတီ - မြဝတီ(၁၂) (D,L) - (D,W) | ရောဝတီ ၂-၃ မြဝတီ<br>မြဝတီ ၀-၁ ရောဝတီ |
| ။ | ညနေ ၃း၃၀ နာရီ (ရန်ကုန်ကွင်း) | (၁)ရန်ကုန် - ဟံသာဝတီ(၂) (W,W) - (W,W) | ရန်ကုန် ၂-၀ ဟံသာဝတီ<br>ဟံသာဝတီ ၁-၂ ရန်ကုန် |
| ။ | ညနေ ၄း၀၀ နာရီ (သုဝဏ္ဏကွင်း) | (၇)ဒဂုံဆိပ်ကမ်း - ရှမ်း(၃) (L,W) - (W,W) | - |



# ဝါတွင်းကာလ ပထမဆွမ်းလောင်းပတ်အဖြစ် ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများတွင် ဆွမ်းလောင်းလှူကုသိုလ်ယူ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဝါတွင်းကာလ၌ ရပ်ကွက်ကျေးရွာ အသီးသီးရှိ ဓမ္မာရုံများတွင် ဆွမ်းလောင်းပွဲများ ကျင်းပလေ့ရှိကြရာ ယခုဝါတွင်းကာလ ပထမဆုံး ဆွမ်းလောင်းပတ်အဖြစ် ဇူလိုင် ၂၀ရက် နံနက် ၆နာရီမှ စတင်၍ မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများတွင် ဆွမ်းလောင်းလှူပွဲများ ကျင်းပခဲ့သည်။

ကျောက်ပန်းတောင်းမြို့တွင် မြို့ပေါ်နှင့်မြို့ဆင်ခြေဖုံး ကျေးရွာများမှ စာသင်တိုက်များ နှင့် ဘုန်းတော်ကြီးကျောင်း ၅၀ ခန့်မှ သံဃာတော်များ၊ ရှင်သာမဏေများသည် ဝါတွင်းကာလ ဥပုသ်သီတင်းပတ်တိုင်း နံနက် ၅နာရီခန့်မှစတင်၍ ဆွမ်း၊ ဆွမ်းဟင်းအလှူခံခြင်းများကို ရပ်ကွက်အလိုက် ဓမ္မာရုံများသို့ သွားရောက်အလှူခံကြခြင်းဖြစ်ပြီး ရပ်ကွက်နေပြည်သူများက ဆွမ်းဟင်းများကို နယ်မြေအလိုက် အလှည့်ကျလောင်းလှူကြပြီး ဆွမ်းကို အပတ်စဉ် ဝတ်မပျက် ကုသိုလ်ယူ လောင်းလှူလေ့ရှိကြသည်။

ထိုသို့ လောင်းလှူကုသိုလ်ယူကြရာတွင် ရပ်ကွက်များ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် အချိန်မတိုက်စေရန်အတွက် နံနက် ၅နာရီမှစတင်၍ နံနက် ၈နာရီခန့်အထိ တစ်နေရာနှင့်တစ်နေရာ မိနစ် ၃၀ခန့်ခြား၍ ဆောင်ရွက်ကြခြင်းဖြစ်ရာ အလှူခံပုဂ္ဂိုလ်များလည်း အဆင်ပြေစွာ လှည့်လည် အလှူခံနိုင်ကြပြီး ရပ်ကွက်နေပြည်သူများလည်း စိတ်အေးချမ်းသာယာစွာ လောင်းလှူကုသိုလ်ယူနိုင်ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၅၆)**

# မြစ်ရေဝင်ရောက်သည့် နေအိမ်များ၊ ရေဘေးရှောင်စခန်းများသို့ သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်း

**မင်းဘူး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ ဧရာဝတီမြစ်ရေဝင်ရောက်နစ်မြုပ်သည့် နေအိမ်များ၊ ရေဘေးရှောင်စခန်းများသို့ ဇူလိုင် ၁၇ရက်က သောက်ရေသန့်နှင့်စားသောက်ဖွယ်ရာများ လာရောက်ထောက်ပံ့ လှူဒါန်းပေးခဲ့ကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။ **(အောက်ပုံ)**

ထိုရေဘေးရှောင်စခန်းများသို့ မင်းလှမြို့မေတ္တာအလင်းရောင်သွေးအလှူရှင်အသင်းနှင့် ကျောက်တန်းကျေးရွာ လောဟိတဒါနလူမှုကယ်ဆယ်ရေးအဖွဲ့မှ ထမင်းဘူး ၁၀၀၀ကိုလည်းကောင်း၊ အောင်သုခကျောင်းဆရာတော် ဦးပဏ္ဍိတက ထမင်းဘူး ၄၀၀ ကို လည်းကောင်း၊ ချမ်းသာကြီးကျောင်းထိုင်ဆရာတော် ဦးပညာသီရိနှင့် အလှူရှင် ဦးဇော်မင်းဦး+ဒေါ်မွန်မိသားစုက ကြာဆံချက်နှင့် အချိုရည်ဘူးများကိုလည်းကောင်း၊ မင်းဘူးခရိုင် ကြက်ခြေနီတပ်ဖွဲ့မှ ၂၀လီတာ ရေသန့်ဘူးကြီး ၄၀၀ ဘူး၊ တစ်လီတာဘူး ရေသန့်ကတ် ၅၀နှင့် ခေါက်ဆွဲကြော်ဘူး ၃၀၀ ကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**(ကဆ)**

# မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း စိုက်ဧက ၄၆၃၇၇ ဧကစိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးပဲတီစိမ်းစိုက်ဧက ၄၆၃၇၇ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးပဲတီစိမ်း ၅၀၀၀၀ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် မေလနောက်ဆုံးပတ်မှစ၍ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် မိုးပဲတီစိမ်း စိုက်ဧက ၄၆၃၇၇ကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် စိုက်ဧကများကိုလည်း စိုက်ပျိုးလျက်ရှိသည်။

"ဒီနှစ် ရမည်းသင်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီချိန် မိုးပဲတီစိမ်း ၄၆၃၇၇ဧကကို စိုက်ပျိုးပြီးနေပါပြီ။ နှစ်စဉ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ လာမယ့်ရာသီတွေမှာ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပါတယ်။ ယခုနှစ် မိုးပဲတီစိမ်းစိုက် တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ မျိုးကောင်း၊ မျိုးသန့်တွေ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ရောဂါပိုးမွှားကျရောက်မှု မရှိစေရေးနဲ့ အရည်အသွေးကောင်းမွန်စေရေးတို့အတွက်ကိုလည်း ကွင်းဆင်းပြီးတော့ လိုအပ်တဲ့နည်းပညာရပ်တွေကို ပေးပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ထိုသို့ကောင်းမွန်သည့် နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ကြောင်း၊ အဆိုပါ သီးနှံအရည်အသွေးကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးသည့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါမြို့နယ်တွင် မိုးသီးနှံ ပဲတီစိမ်းကို ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**(ယာပုံ)**

**(ဝ၃၄)**

*-*-*-*-*



# လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့မှု ပြန်လည်သုံးသပ်ဆွေးနွေး

**မန္တလေး ဇူလိုင် ၂၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း လူသားအရင်းအမြစ်ဌာနမှ ပြုလုပ်သော လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုပြန်လည် သုံးသပ်ဆွေးနွေးပွဲ Human Resources Annual Review Meeting ကို ဇူလိုင် ၁၅ရက်မှ ၁၇ရက်အထိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ပုဂံမြို့ Acacia Hotel တွင် ကျင်းပသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ၂၀၂၁ခုနှစ်မှ ၂၀၂၃ခုနှစ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှု ပြန်လည်သုံးသပ်ဆွေးနွေးပွဲတွင်အသင်း အချိန်ပြည့်အလုပ်အမှုဆောင်ပါမောက္ခ ဒေါက်တာတင်မောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး လူသားအရင်းအမြစ်ဌာန ညွှန်ကြားရေးမှူး ဒေါ်ချမ်းမင်းဦးက ပြန်လည်သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ပြန်လည်သုံးသပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ထမ်း ၂၈ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝ၄၅)**




# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရွှေဘို ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ် သန်းခေါင်စာရင်းကော်မတီ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီ အတွင်းရေးမှူး ကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး၊ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေများ၊ ရွှေဘိုမြို့နယ်အတွင်း ၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးဆိုင်ရာကိစ္စရပ်များ၊ မဲစာရင်းပြုစုရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းခဲ့သည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေး ကော်မတီအဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# လူထုအခြေပြု ရော်ဘာပြုပြင်ထုတ်လုပ်ရေးစင်တာဖွင့်လှစ်ခြင်းနှင့် တောင်သူများသို့ မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

**တာချီလိတ် ဇူလိုင် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ ၂၀၂၂ အထောက် အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် "ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လူထုအခြေပြု ရော်ဘာပြုပြင်ထုတ်လုပ်ရေးစင်တာများ တည်ထောင်ခြင်း"စီမံကိန်း အစီအစဉ်ဖြင့် လူထုအခြေပြု ရော်ဘာပြုပြင်ထုတ်လုပ်ရေးစင်တာ ဖွင့်လှစ်ခြင်းနှင့် တောင်သူများသို့ မိတ်ဆက်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ ဟာကျာ မနူးကျေးရွာရှိ လူထုအခြေပြု ရော်ဘာ ပြုပြင်ထုတ်လုပ်ရေး စင်တာတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ရှမ်းပြည်နယ်၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာအား မိတ်ဆက်ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က မဲခေါင်-လန်ချန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ၊ ညွှန်ကြားရေးမှူး(တာဝန်)ဒေါက်တာမြတ်သူက မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့မှုနှင့် အရည်အသွေးကောင်း ရော်ဘာထုတ်လုပ်ရေး အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တိုင်းဦးစီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ထက်က လူထုအခြေပြု ရော်ဘာပြုပြင်ထုတ်လုပ်ရေးစင်တာအား ရှမ်းပြည်နယ်တောင်သူများသို့ လွှဲပြောင်းပေးအပ်ရာ တောင်သူဦးကျပေါက လက်ခံရယူပြီး ရှမ်းပြည်နယ်အတွင်း လူထုအခြေပြု ရော်ဘာပြုပြင်ထုတ်လုပ်ရေး စင်တာများ တိုးချဲ့တည်ထောင်ပြီး အစုအဖွဲ့နှင့် အရည်အသွေးကောင်း ရော်ဘာထုတ်လုပ်သည့်စနစ်ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိကာ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် ရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ၊ဆုများချီးမြှင့်

**မန္တလေး ဇူလိုင် ၂၀**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)တို့ ပူးပေါင်း၍ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် ဖွင့်လှစ်ခဲ့သော ရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၁၈ရက် နံနက် ၉နာရီက အောင်မြေသာစံမြို့နယ် မြို့ပတ်လမ်းရှိ အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသက်လွိုင်ဦး၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းအုပ်နှင့် ဆရာမများ၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။ ထို့နောက် သင်တန်းထူးချွန်ဆုကို အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီးက ပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသူများ သင်တန်းသူများကိုယ်တိုင် ချုပ်လုပ်ထားသော လက်ရာအဝတ်အထည်များကို ကြည့်ရှုခဲ့သည်။ အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သင်တန်းကို သင်တန်းသူ ၂၀ဦးဖြင့် ဇွန်၂၄ရက်မှ ဇူလိုင်၁၈ရက် ကြောင်း သိရသည်။

(ဝ၄၅)





# သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ကျိုင်းတုံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ-မိုင်းဆတ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျိုင်းတုံမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။ **(ဝဲပုံ)**

ဟောပြောပွဲတွင် ကျိုင်းတုံ-မိုင်းဆတ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက သစ်တောများနှင့်ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနော်ဆာဂူက သစ်တောများ ပြုစုထိန်းသိမ်းခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းနှင့် မီးခိုးမြူငွေ့ အန္တရာယ်ကာကွယ်လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ စသည့်အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူ ၉၈ဦးအား အသိပညာပေးဟောပြောခဲ့ပြီး သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်တွင် ၂၀၂၄ခုနှစ် မိုးရာသီ၌ သစ်ပင်မျိုးစုံအပင် ၂၀၀၀၀ စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု သင့်တင့်မျှတရေး၊ သစ်တောသစ်ပင် ချစ်မြတ်နိုးစေရန်အတွက် ၂၀၂၄ ခုနှစ်၊ မိုးရာသီ၌ သစ်ပင်မျိုးစုံအပင် ၂၀၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် သစ်တောဦးစီး ဌာနမှ သိရသည်။

"ဒီနှစ် မိုးရာသီစိုက်ပျိုးဖို့ သစ်ပင်မျိုးစုံအပင် ၂၀၀၀၀ ပျိုးထောင်ထားပြီး ဇွန်လက စတင်ကာ သတ်မှတ်နေရာ အသီးသီးမှာ ဖြန့်ဝေစိုက်ပျိုးခဲ့ပါတယ်။ အခုအခါ ပျိုးပင်အားလုံး စိုက်ပျိုးပြီးဖြစ်ပြီး စိုက်ပျိုးပြီးတဲ့ သစ်ပင်များ အောင်မြင်ဖြစ်ထွန်းစေရန် မိမိတို့ဌာနနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းပြီး ပြုစုစောင့်ရှောက်လျက်ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာန၊ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၄ခုနှစ်၊ မိုးရာသီစိုက်ပျိုးရန်အတွက် ကျွန်း ၂၀၀၀၊ တမာ ၅၀၀၀၊ ပျဉ်းကတိုး ၃၀၀၀၊ ခရေ ၄၀၀၀၊ စွယ်တော် ၃၀၀၀၊ ယူကလစ် ၃၀၀၀၊ စုစုပေါင်း ပျိုးပင်မျိုးစုံအပင် ၂၀၀၀၀ ပျိုးထောင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၈၀)



လျှပ်စစ် သုံးလျှင် သတိယှဉ် ဝန်အား မမျှ မသုံးရ။

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၇၉)

**သွယ်အောင်**

"အဖြူရောင်နေ့"ကဗျာရေးပြီး နောက် ထပ်ရေးဖြစ်သော ကဗျာများမှာ ခေတ်ပေါ်မော်ဒန်ကဗျာများကိုသာ ရေးဖွဲ့ဖြစ်နေပြီး ကာရန်ဖြင့်ရေးဖွဲ့သောကဗျာများကို မရေးဖြစ်တော့ဘဲ စာပေသူငယ်ချင်းများဖြင့် လက်ဖက်ရည်ဆိုင်ထိုင်ရင်း အချိန်သက္ကရာဇ်များကို ဖြတ်သန်းနေမိသည်။

ကိုခင်ဇော်(ကောင်းဇော်၊ ကာတွန်းလေရူး) ဖြင့် ရွှေဝတ်ရည်မဂ္ဂဇင်းတိုက်သို့ သွားသည်။ ကိုနီမောင်၊ ကိုသင်းဝေ၊ ဆရာမောင်သစ်လွင် (လူထု)၊ ကိုငြိမ်း(မန္တလေး)တို့နှင့် စာအကြောင်း၊ ကဗျာအကြောင်း၊ မန္တလေးသတင်းအကြောင်း ပြောသည်။

အောင်ဂျမ်းနှင့် "မျက်သွယ်"ကဖေးသွားပြီး အောင်ဘညို၊ မောင်စိမ်းသစ်၊ ဆရာနတ်မောက်ထွန်းရှိန်တို့နှင့် ဝိုင်းဖွဲ့စကားပြောသည်။

တစ်ခါတစ်ရံ "အင်းဝ"ကဖေးမှာထိုင်ပြီး ကိုငြီးချမ်း(မန်း)၊ အနုစ်(နဘူးအိုင်)၊ ဖေသစ်မော်တို့နှင့် စကားလက်ဆုံကျသည်။ ထိုသို့ သွားလာနေစဉ် ကဗျာများမရေးဖြစ်ဘဲ ဝေဖန်ရေးဆောင်းပါး တစ်ပုဒ်ရေးဖြစ်ဖို့ အကြောင်းဖန်လာသည်။ အကြောင်းမှာ လွန်ခဲ့သောလပိုင်းက တောင်သမန်အင်း၊ တောင်လေးလုံးကျောင်းတွင် ရန်ကုန်-အင်းစိန်မှ ကဗျာဆရာ၊ စာရေးဆရာများဖြင့် စာပေစကားဝိုင်းဖွဲ့ ပြောခဲ့ကြသော ဆရာဝင်းစည်သူ၏ အမှတ်တမဲ့ ပြောလိုက်သောစကားသည် လေထဲတွင် ကွယ်ပျောက်မသွားဘဲ မဂ္ဂဇင်းစာမျက်နှာပေါ်တက်လာသောကြောင့် ဖြစ်သည်။

ဆရာဝင်းစည်သူ၏ "ကဗျာနှင့်ပတ်သက်လာရင် အောက်ပိုင်းက ကဗျာဆရာတွေက ပိုပြီးကောင်းတယ်။ ပိုပြီးတော်တယ်"ဆိုသော စကားစာမျက်နှာပေါ်တွင် ဖတ်ရှုလိုက်ရသောကြောင့် ကျွန်တော်လည်း အထက်အညာမှ ကဗျာဆရာကြီးများဖြစ်သော ဆရာကြည်အောင်၊ ဆရာကိုလေး(အင်းဝဂုဏ်ရည်)အစရှိသူတို့အား လေးစားချစ်ကြည်စိတ်ဖြင့် အထက်အညာ ကဗျာဆရာများဘက်မှ ခုခံချေပသည့် "ဝေဖန်ရေးဆောင်းပါး" ရေးဖြစ်သွားခြင်း ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ကဗျာဆရာများက ရင်ထဲမှာပဲ မျိုသိပ်ပြီး ဘာမှတုံ့ပြန်မနေဘဲ သင်ပုန်းချေထားခဲ့ပါသည်။ သို့သော် လေထဲတွင် ပြောသောစကားအဖြစ် နားလည်ခွင့်လွှတ်နိုင်သော်လည်း မဂ္ဂဇင်းစာမျက်နှာပေါ် ယင်းကိစ္စကို ပြန်ဖွလာသောကြောင့် ကျွန်တော် ဆောင်းပါး ရေးဖြစ်သွားခြင်းဖြစ်သည်။ အောင်ဘညိုကလည်း ဆောင်းပါးတစ်ပုဒ်ရေးသည်။

ကျွန်တော်က ရင်ထဲမှာ တအုံနွေးနွေးဖြစ်နေသောကြောင့် ကျွန်တော်ရေးထားသော ဆောင်းပါးကို မိတ်ဆွေသူငယ်ချင်းကဗျာဆရာများကို ပေးဖတ်ဖို့ မျက်သွယ်လက်ဖက်ရည်ဆိုင်သို့ သူငယ်ချင်း အောင်ဂျမ်းနှင့် ထွက်လာခဲ့သည်။

မျက်သွယ်လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်ရေးထားသော ဆောင်းပါးကို ဆရာနတ်မောက်ထွန်းရှိန် အပါအဝင် ကဗျာဆရာများ တစ်ယောက်တစ်လှည့်ဖတ်ကြသည်။

"ခင်ဗျား ဒီဆောင်းပါးကို ဘယ်မဂ္ဂဇင်း ပို့မှာလဲ"ဟု ဆရာနတ်မောက်ထွန်းရှိန်က ကျွန်တော့်အား မေးသည်။

"လောလောဆယ်တော့ ဘယ်မဂ္ဂဇင်းပို့ရမှန်း မသိသေးဘူး ဆရာ"

"ကျွန်တော် ဆောင်းပါးကို ဖတ်ကြည့်ပြီး ကြိုက်တယ်ဗျာ၊ ကျွန်တော် ဂျာနယ်က စာမျက်နှာ နည်းနည်းလေးမို့ ထည့်ဖို့အဆင်မပြေဘူး ဖြစ်နေတယ်"

"ရပါတယ်ဆရာ၊ ရွှေဝတ်ရည်မဂ္ဂဇင်းက ဆရာမောင်သစ်လွင်(လူထု)ကို ပြကြည့်လိုက်ဦးမယ်"

ထိုနေ့က မျက်သွယ်တွင်ထိုင်ပြီး ဆရာ နတ်မောက်ထွန်းရှိန်နှင့် ကဗျာဆရာများအား နှုတ်ဆက်ကာ ၈၄လမ်း၊ မင်းသားစုရပ်ရှိ ရွှေဝတ်ရည်မဂ္ဂဇင်းတိုက်သို့ ထွက်လာခဲ့သည်။

ရွှေဝတ်ရည်မဂ္ဂဇင်းတိုက်တွင် ဆရာမောင်သစ်လွင်(လူထု)နှင့် တန်းတွေ့သဖြင့် ဆရာအား ဆောင်းပါး ပေးဖတ်ခိုင်းလိုက်သည်။

"ဆရာ့ မဂ္ဂဇင်းအတွက် ဆောင်းပါး လာပို့တာဆရာ"

"ဩော် ဆောင်းပါးလား၊ ပေး ပေး သွယ်အောင် ဖတ်ကြည့်မယ်လေ"

ဆရာသစ်က ကျွန်တော့်လက်ထဲမှ ဆောင်းပါးအားယူပြီး တစ်ရွက်ချင်း လှန်ဖတ်ကြည့်ပြီး ခေါင်းတငြိမ့်ငြိမ့်ဖြင့် စိတ်ဝင်တစား ဖတ်နေသည်။ ဖတ်ကြည့်ပြီးသောအခါ ဆရာက ကျွန်တော့်အား သေချာစိုက်ကြည့်ပြီး အားတုံ့အားနာဖြစ်နေဟန်တူသည်။

ကျွန်တော်က ဆရာ့အား ကျွန်တော့်ဆောင်းပါးနှင့်ပတ်သက်၍ အားမနာတမ်းပြောဖို့ စကားလမ်းကြောင်း ဖွင့်ပေးတော့မှ ဆရာက လေပြည်အေးအေးလေးနှင့် စကားဆိုတော့သည်။

"သွယ်အောင်ရေ ... မင်းဆောင်းပါးက တော်တော်လည်း ကောင်းပါတယ်၊ တော်တော်လည်း ထိပါတယ်၊ ဒါပေမယ့်ကွာ အမှန်အတိုင်း ပြောရရင်တော့ ဝင်းစည်သူက မင်းတို့ ငါတို့နှင့် မန္တလေးတစ်မြို့ထဲသားလေကွာ၊ ငါ့မဂ္ဂဇင်းကိုလည်း မင်းတို့လည်းပဲ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေတော့ ခင်မင်မှုသံယောဇဉ်တွေ၊ ချစ်ကြည်ရင်းနှီးမှုတွေ ထိခိုက်ကုန်လိမ့်မယ်။ နောက်ပြီး ကိုယ့်အချင်းချင်း ပြန်ဆော်နေတာ ဖြစ်နေတယ်။ ငါ...မင်းဆောင်းပါးကို ကြိုက်တယ်။ ဒါပေမယ့် ငါ့မဂ္ဂဇင်းမှာ မင်းဆောင်းပါးကိုသုံးဖို့ သတ္တိမရှိဘူးဖြစ်နေတယ်။ ဒါကလည်း ရန်မီးမပွားချင်လို့ပါ။ ငါ့ကို နားလည်ပေးပါကွာ"

ဆရာ၏ ရှင်းပြသော စကားအရှည်ကြီး နားထောင်ပြီး ဆရာအပေါ်နားလည်ကာ ကျွန်တော့် ဆောင်းပါးကို ဆရာသစ်လက်ထဲမှ ပြန်ယူလိုက်ပါသည်။

"ဟုတ်ကဲ့ပါ ဆရာ ရပါတယ်"

ကျွန်တော်ရေးထားသော ဝေဖန်ရေး တုံ့ပြန်ချက်ဆောင်းပါးအား သေချာပြန်ဖတ်ပြီး ရန်ကုန်ရှိ မဂ္ဂဇင်းတိုက်တစ်တိုက်ပို့ဖို့ အောင်ဂျမ်းနှင့်တွေ့ပြီး တိုင်ပင်အကြံဉာဏ်တောင်းမိသည်။ အောင်ဂျမ်းက ကျွန်တော့်ဆောင်းပါးအား ဖတ်ကြည့်ပြီး အဝကျွန်း ဦးချစ်မောင်နှင့် အစ်မ မတင်တင်ဦးတို့၏ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း ပေးဖို့ပြောသည်။

"နင် ဆောင်းပါး ရုပ်ရှင်တေးကဗျာပဲ ပို့လိုက်တော့။ အစ်ကိုတို့၊ အစ်မတို့က ဒီလိုဆောင်းပါးမျိုး မျှော်နေတာ၊ သေချာပေါက် မဂ္ဂဇင်းမှာ သုံးလိမ့်မယ်။"

"အေး ... ဒါဆို ရုပ်ရှင်တေးကဗျာပဲ ပို့လိုက်တော့မယ်"

နောက်ရက်တွင် စာတိုက်ကြီးသို့သွားပြီး ဆောင်းပါးကို စာအိတ်မှတ်ပုံတင်ပြီး ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းသို့ ပို့လိုက်တော့သည်။

သူငယ်ချင်း အောင်ဂျမ်းပြောသောစကား မှန်သည်ဟု ဆိုရပေမည်။ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် ကျွန်တော်၏ဆောင်းပါး ပုံနှိပ်ဖော်ပြပါရှိခဲ့လေပြီ။ ထိုစဉ်က ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းသည် အခြားမဂ္ဂဇင်းများနှင့် အပြိုင်ထွက်ရှိနေရသဖြင့် စာဖတ်သူများ စိတ်ဝင်စားမှုရှိစေရန်အတွက် ပွဲဆူစေမည့် ခပ်ရှုရှုဆောင်းပါးများကို အထူးဦးစားပေး ဖော်ပြနေသောအချိန်လည်း ဖြစ်သည်။ သို့ကြောင့်လည်း ကျွန်တော့်ဆောင်းပါး ဖော်ပြပါရှိခဲ့ခြင်း ဖြစ်သည်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် ပါရှိခဲ့သော် "စာပေပြတင်းတံခါးကို အတင်းအဖျင်းများဖြင့် တွန်းဖွင့်ဝင်လာသူ"ခေါင်းစဉ်ဖြင့် ရေးခဲ့သော ကျွန်တော့်ဆောင်းပါးသည် စာပေနယ်တွင် ဂယက်ထသွားသည်။ တစ်နည်းအားဖြင့် "ပွဲဆူ"သွားသည်။



အထူးသဖြင့် မန္တလေးမြို့ခံစာရေးဆရာများနှင့် ကဗျာဆရာများ ခပ်တန်းတန်းအနေအထားတစ်ခုသို့ ရောက်ရှိသွားသည်။ ကျွန်တော့်ဆောင်းပါးနှင့်အတူ အောင်ဘညိုကလည်း ဆရာဝင်းစည်သူကို ဝေဖန်သည့်ဆောင်ပါး ရုပ်ရှင်တေးကဗျာသို့ ပို့ဖြစ်သည်။

အောင်ဘညို၏ဆောင်းပါးမှာ အရေးအသားပျော့သဖြင့် ပြင်းရှသော ကျွန်တော့်ဆောင်းပါးကို ဆရာ အဝကျွန်းချစ်မောင်က ကြိုက်၍သုံးဖြစ်သည်ဟု အောင်ဂျမ်းထံမှ တစ်ဆင့်သိရသည်။

ကျွန်တော့်ဆောင်းပါး ပါပြီးနောက်ပိုင်း မန္တလေးတွင် မသိမသာ အုပ်စုအဖွဲ့လေးများ ကွဲကာ မိမိနှင့် ရင်ဘတ်တူသူ၊ ခံစားချက်တူသူများသာ လက်ဖက်ရည်ဆိုင် အတူထိုင်ဖြစ်ကြတော့သည်။

အင်းဝအုပ်စု၊ ဘန်ဒါပင်အုပ်စု၊ မျက်သွယ်အုပ်စု၊ နန်းရှေ့၊ မြောက်ပြင်အုပ်စု ဟူ၍ ခေါ်ဝေါ်လာကြသည်ကို သတိထားမိသည်။

ကျွန်တော်၏ တုံ့ပြန်ချက်ဆောင်းပါးပါအပြီး ကျွန်တော်လည်း ခါတိုင်းထက် ကဗျာများကို ပို၍ ဂရုတစိုက် ရေးဖြစ်တော့သည်။ ရေးပြီး ကဗျာကို ကိုယ်တိုင်စိတ်တိုင်းကျ ကြိုက်နှစ်သက်မှသာ မဂ္ဂဇင်းတိုက်သို့ ပို့ဖြစ်သည်။ ကဗျာမကြိုက်ပါက မဂ္ဂဇင်းသို့မပို့ဘဲ တစ်ခါတည်းလုံးချေဆုတ်ဖြဲကာ အမှိုက်ခြင်းထဲ လွှင့်ပစ်မိသည်။

ကဗျာကောင်းမကောင်း ပထမဦးဆုံး ကဗျာရေးသူက ဆုံးဖြတ်သည်။ နောက် မဂ္ဂဇင်း၊ ဂျာနယ်၊ အယ်ဒီတာက ဆုံးဖြတ်သည်။ အယ်ဒီတာဆုံးဖြတ်ပြီးလျှင် စာဖတ်သူပြည်သူက နောက်ဆုံးဆုံးဖြတ်အသိအမှတ်ပြုမည် ဖြစ်သည်။



# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသ



**မိုင်းဖြတ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က ယနေ့ခေတ်တွင် လူငယ်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် လစဉ် အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများကို ကျင်းပကြောင်း၊ လူငယ်များသည် ဗလငါးတန်ဖြစ်သည့် ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလတို့ဖြင့် ပြည်စုံကြွယ်ဝရန် လိုအပ်ကြောင်းနှင့် ဗလငါးတန်အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ စာအုပ်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားသုံးဆီဖူလုံရေး မိုးသီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုး



**မကွေး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံ အဓိက စိုက်ပျိုးကြပြီး စားသုံးဆီဖူလုံရေး တောင်သူများ ဝင်ငွေရရှိရေး အဓိကထား၍ မိုးသီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့ကို စိုက်ပျိုးလျက်ရှိသည့်အပြင် ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲတို့ကိုလည်းကောင်း၊ ဝါနှင့် ကြံကိုလည်း စိုက်ပျိုးကြသည်။

ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ လျာထားဧက ၂၄သိန်းကျော် အနက်စိုက်ဧက ၁၃သိန်းကျော်ကို အထူးဇုန် နှစ်ဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထူးဦးစားပေး ဆောင်ရွက်လျက်ရှိပြီး သီးထပ်၊ သီးညှပ်တိုးချဲ့စိုက်ပျိုးရေး ပြည်တွင်း စားသုံးဆီ ဖူလုံရေး၊ ပြည်ပတင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် ဆီထွက်သီးနှံထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထူးဇုန်နှစ်ခုတွင် မိုးမြေပဲ လျာထားဧက ၄၈၁၁၇၈ဧက၊ နှမ်း ၆၄၁၅၄၃ ဧက၊ နေကြာ ၁၄၆၃၅ဧက လျာထား စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးရေးတွင် ၄င်းအပြင် မတ်ပဲလျာထား ၉၇၀ ဧက၊ ပဲတီစိမ်းလျာထား ၄၉၈၂၁၁ ဧက၊ ပဲစင်းငုံလျာထား ၁၈၁၁၄၄ ဧက၊ ဝါ ဧက ၂၆၆၈၀၀၊ ကြံဧက ၁၁၁၉၈ကို လျာထား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၇၂)

# ရုပ်ရှင်ကဏ္ဍ

## နို့ထမင်း

ရုပ်ရှင်ချစ်ပရိတ်သတ်တွေအတွက် ဒီတစ်ပတ်မှာတော့ မိခင်ရဲ့ ချစ်ခြင်းမေတ္တာ၊ အချစ်၊ အမုန်း၊ လက်စားချေခြင်းတွေကို အခြေခံပြီး ခပ်ကြမ်းကြမ်း ဇာတ်လမ်းကောင်းတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် 'နို့ထမင်း' ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

ဇာတ်ကားထဲမှာ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မြင့်မြတ်၊ အကယ်ဒမီ ခင်ဝင့်ဝါ၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဖြိုးငွေစိုး၊ ဖြိုးလေး၊ စစ်နိုင်၊ ချာလီ၊ ထူးခြား၊ ဝေလာရီ၊ ဇော်ဝင်းနိုင် (မန်း)၊ ကေညီ၊ အုံ့မင်းညို၊ ဝါဝါအောင်၊ မွန်လေးနှင့် ဝါရင့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

'နို့ထမင်း' ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)၊ ဇာတ်လမ်း မြင့်မြင့်ဦး၊ ဇာတ်ညွှန်း အင်ကြင်းဟန်၊ DOP ဝင်းလွင်ထက်၊ ခတ္တိယ ရုပ်ရှင်ထုတ်လုပ်ရေးတို့ကနေ ဂျပန်ခေတ်နောက်ခံ မိခင်မေတ္တာအခြေခံတဲ့ ဇာတ်လမ်းကို ရသမြောက်စွာ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များနဲ့အတူ ရိုက်ကူးပုံဖော်ထားပါတယ်။

ငယ်စဉ်ကတည်းက ကိုယ်ချစ်ရသူအပေါ်မှာ အရမ်းကို အစွဲအလမ်းကြီးပြီးတော့ ချစ်တတ်တဲ့ သူ၊ ကိုယ့်အပေါ်မကောင်းတဲ့သူဆိုရင် အညိုးအတေးထားပြီး၊ ရက်ရက်စက်စက် လက်စားချေတတ်တဲ့သူ၊ မိခင်အပေါ်မှာ ကိုယ့်အသက်ထက် ပိုပြီးချစ်တတ်တဲ့ သားဆိုးတစ်ယောက်ဖြစ်တဲ့ 'တပေါင်း'အဖြစ် မြင့်မြတ်၊ ရွာကွမ်းတောင်ကိုင်လေးဖြစ်ပြီး အချစ်ကိုယုံစားပြီး ချစ်တတ်လွန်းတဲ့ 'ဖြူနှင်း'အဖြစ် ခင်ဝင့်ဝါ၊ မြို့သားလူလည် စကားကြွယ်သူတစ်ယောက် 'အောင်သင်း'အဖြစ် ဖြိုးငွေစိုး၊ တစ်ဦးတည်းသောသားလေးကို ရင်နှင့်အမျှချစ်ရသော မိခင်အဖြစ် အကယ်ဒမီစိုးမြတ်သူဇာ၊ ရိုးသားကြိုးစားတဲ့ရွာသားလေး 'ဖိုးသစ်' အဖြစ် ဖြိုးလေး၊ မိခင်အလိုလိုက်ခြင်းခံရပြီး ရွာမှာ ရန်ဖြစ်ရင် မပါမဖြစ် 'ဇော်ကြီး'အဖြစ် စစ်နိုင်၊ လူဆိုးဓားမြမိန်းမဆိုပြီး တလောကလုံးရဲ့ ဝိုင်းဝန်းပစ်ပယ်ခြင်းကိုခံရပေမယ့် သားရင်သွေးလေးကို အခက်အခဲကြားက ရအောင်မွေးတဲ့ 'မြတင်'အဖြစ် ဝေလာရီနဲ့ အခြားဝါရင့် သရုပ်ဆောင်များစွာတို့က ရသမြောက်စွာပါဝင် သရုပ်ဆောင်ထားတဲ့အတွက် မိခင်ရဲ့ ချစ်ခြင်းမေတ္တာအခြေခံပြီး ခပ်ကြမ်းကြမ်း ဇာတ်လမ်းကိုမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက် ဇာတ်ကားကောင်း တစ်ကားဖြစ်ပါတယ်။

ချစ်ခြင်းမေတ္တာအခြေခံတဲ့ ဇတ်ကားတွေကိုမှ ကြိုက်နှစ်သက်တဲ့ သူတွေအတွက်တော့ တကယ်ကိုကြည့်ရှုဖို့ကောင်းတဲ့ 'နို့ထမင်း' ဇာတ်ကားကိုတော့ မန္တလေးမြို့မှာဆိုရင်တော့ ဝင်းလိုက်၊ Mingalar Cinema Central Point , Mingalar Masoeyein Complex , Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

ရွက်နုဝေ




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ မိန့်မြွက် လဝါဆို

* သုံးလူ့ ထိတ်တင် ဗုဒ္ဓရှင်
သောင်းစကြာဝဠာခွင်
နတ်ပြဟ္မာလျှင် ညီညာပြု
အားလုံးတောင်းပန်မှု ။

* ရတုနဂ ရှွန်းလဲ့ဖြာ
လမြတ်ဝါဆိုခါ
မယ်တော်မာယာ ဝမ်းကြာလှ
လောင်းလျာ သန္ဓေခ ။

* သိဒ္ဓတ္ထမည်ရ မင်းသားမှာ
လေးနိမိတ်တွေ့မြင်လာ
ကျားမင်းနေ့မှာ သံဝေစွက်
လျင်စွာ တောသို့ထွက် ။

* မိန့်မြွက်ဟောကြား ဓမ္မစကြာ
ငါးပါးဝဂ္ဂီသာ
လဝါဆိုမှာ ထူးခြားချက်
သန္ဓေ၊ တော၊ ဓမ္မစက် ။

* မိန့်မြွက်ဟောကြား မြတ်ဓမ္မာ
ဝါလေးဆယ့်ငါးကြာ
သက်တော်မှာ ရှစ်ဆယ်ပြည့်
နိဗ္ဗူဆောင်ပို့၏ ။ ။

ရွှေမင်းသား(စစ်ကိုင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။



# သတင်းပဒေသာ

## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်လုံးကျွတ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်ရှိ မင်္ဂလာသီရိမွှေရုံ၌ စီစဉ်ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စာအောင်ဆုချီးမြှင့်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် စာမေးပွဲတွင် အောင်မြင်ခဲ့သော သံဃာတော်များအား စာအောင်ဆုချီးမြှင့်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို မွေတော်ပရိယတ္တိစာသင်တိုက်၌ ယမန်နေ့ နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေး ဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ရွှေမြို့ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေး ဟောပြောခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက အဆိုပါကျောင်းရှိ နှင်းဆီအဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူထုအခြေပြုပဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊မိုင်းဆတ်ခရိုင်၊ပုံပါကျင်မြို့၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် စာဖတ်ဝိုင်းမှတစ်ဆင့် ဘဝအထောက်အပံ့ဖြစ်စေမည့် အတွေးအခေါ်ကောင်းများ ရရှိရန်ရည်ရွယ်၍ မောင်မြင့်ကြွယ် ဘာသာပြန်ဆိုရေးသားသည့် "အကြွင်းမဲ့ ခေါင်းဆောင်မှုသဘောတရား" စာအုပ်ကို ယမန်နေ့ နံနက် ၁၀ နာရီက ပုံပါကျင်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာဖတ်ဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နယ်လှည့်အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ နယ်လှည့်အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာမူလတန်းကျောင်း(ကဒူးလေး)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ခွန်အားရှိသောစာ ခွန်အားရှိသောလူငယ် စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက စာပေချစ်မြတ်နိုးသူများအသင်း (Youth Club)အဖွဲ့နှင့် စာရေးဆရာ ဆူးသစ် ရေးသားသော ခွန်အားရှိသောစာ ခွန်အားရှိသော လူငယ်စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်သူများအား ကျေးရွာမြေငှားဂရန် ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပင်လုံအရှေ့ကျေးရွာအုပ်စု၊ ဝမ်လုံကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

# ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ (၁၁)နှစ်မြောက် စုပေါင်း ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဇူလိုင် ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ဦးစီး၍ (၁၁)နှစ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲ (ပထမနေ့)ကို ဇူလိုင် ၂၀ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မစိုးရိမ်ကျောင်းတိုက်မှ သံဃာတော်အပါး(၂၅၀)တို့ကို ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ သံဃာတော်အပါး ၂၀၀ စီ ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ အရံဆွမ်းဟင်း၊ သွားတိုက်တံ၊သွားတိုက်ဆေး၊ဆပ်ပြာ၊ ဆပ်ပြာမှုန့်နှင့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများဖြင့် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း နှစ်စဉ်မပျက် လောင်းလှူလျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ) (ကဆ)**

---

# နယ်စပ်တောင်တန်းဒေသသို့ ဝါဆိုဆန်နှင့် သင်္ကန်းများ ပေးအပ်လှူဒါန်း



**မန္တလေး ဇူလိုင် ၂၀**

မန္တလေး၊ တောင်စလင်းတိုက်သစ်ဆရာတော်၊ နယ်စပ်တောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအတိဇေမဟာရဋ္ဌဂုရုဦးဆောင်သည့် နယ်စပ်တောင်တန်းသို့ မန္တလေးမြို့၊ ၃၄လမ်းနှင့် ၈၈ လမ်းနေ အလှူရှင် ပခုက္ကူ ဦးလှပို+ဒေါ်ငွေရှင်(သစ်လုပ်ငန်း)မိသားစုက ဆန်တစ်အိတ်နှင့် သင်္ကန်းတစ်စုံ၊ ငွေကျပ် တစ်သိန်းသုံးသောင်းကို ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းဥက္ကဋ္ဌကိုယ်စား အသင်းမှ တာဝန်ရှိသူ ဒေါ်နွယ်နီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ မန္တလေးမြို့နေ အလှူရှင် ဒေါ်ခိုင်ဇာလင်းမိသားစုက ဆန်တစ်အိတ်၊သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်တင်ကြည်ထွန်း မိသားစုက ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးဖုန်းတင့်+ဒေါ်ခင်မမမိသားတစ်စုက ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံ၊ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာရပ်နေ အလှူရှင် ဦးတင်မြင့်+ဒေါ်ရီရီမိသားတစ်စုက ဆန်တစ်အိတ်၊သင်္ကန်းတစ်စုံ၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ တရားလွှတ်တော်ရှေ့နေ ဦးစိန်ရွှေအား ရည်စူး၍ တပည့်ရှေ့နေများက ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံ၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်နေ အလှူရှင် ဒေါ်တင့်တင့်ဝင်း မိသားတစ်စုက ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဦးထွန်းရှိန်+ဒေါ်ခင်မြင့်မြင့် (သမီး) မမိမိခိုင်မိသားစုက ဆန်နှစ်အိတ်၊သင်္ကန်းနှစ်စုံတို့ကိုပါ အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(ကဆ)**

---




# ထမင်းနှင့်ဟင်း ဒါနကုသိုလ်ပြုလုပ်

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အထူးကုပြင်ပလူနာဆောင်ရှေ့တွင် ဇူလိုင် ၁၉ ရက် ညနေ ၅ နာရီက ထမင်းနှင့်ဟင်းကို ဒါနကုသိုလ်ပြုခဲ့သည်။

အဆိုပါ အလှူရှင်မှာ မန္တလေးမြို့၊ ၅၃လမ်း၊ ၁၁၅ဘီ ဦးနေရိပ်+ဒေါ်သံစဉ်မိသားစု ဆန်တစ်တင်းခွဲအိတ် တစ်အိတ်၊ ကြက်သား ငါးပိဿာကို ချက်ပြုတ်ပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လာရောက်၍ ဒါနကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

*-*-*-*-*

---

# ရေဘေးရှောင်ပြည်သူများအား စားသောက်ရေး အဆင်ပြေစေရန် ဆန်နှင့် ကြက်ဥ ထောက်ပံ့

**ညောင်ဦး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ ရေဝင်ရပ်ကွက်ရှိ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကြုံနေရသည့် ဒေသခံပြည်သူများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့ဝင်များက ဆန်နှင့် ကြက်ဥများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ဆန်နှင့် ကြက်ဥ ထောက်ပံ့ပေးရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ညောင်ဦးမြို့ ရေဝင်ရပ်ကွက်ရှိ ရေဘေးကြုံနေရသည့် အိမ်ထောင်စု ၃၃ စုအတွက် စားသောက်ရေး အဆင်ပြေစေရန် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှင့် ကြက်ဥ ၁၀လုံးစီတို့ကို အိမ်တိုင်ရာရောက် စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



# လမြတ်ဝါဆို




မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့်နေ့ နေ့အဝင် လအထွက် ညချမ်းအချိန်တွင် ဣသိပတနမိဂါဒါဝုန် သားသမင်များ ဘေးမဲ့ပေးရာ တောမြိုင်အတွင်း၌ မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂီ ၅ ဦးတို့အား တရားဦးဓမ္မစကြာတရားကို ဟောကြားတော်မူခဲ့ပါသည်။ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဘုရား အဖြစ်သို့ရောက်ရှိခဲ့ပြီး ၂ လအကြာတွင် ပဉ္စဝဂ္ဂီ ၅ ဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားခဲ့ပါသည်။ ဝါဆိုလပြည့်နေ့ညမှစတင်၍ ဟောကြားခဲ့ရာ လပြည့်ကျော် ၅ ရက်တွင် ပဉ္စဝဂ္ဂီ ရသေ့အားလုံးသော သောတပန်ရဟန်းများ အဖြစ်ရောက်ရှိကြပြီး ဝါဆိုလပြည့်ကျော် ၅ ရက်တွင် အနတ္တလက္ခဏသုတ်ကို ဆက်လက်ဟောကြားရာ ပဉ္စဝဂ္ဂီ ၅ ဦးစလုံး ရဟန္တာအရှင်မြတ်များအဖြစ် ရောက်ရှိသွားကြကြောင်း မှတ်သားခဲ့ရပါသည်။ သို့ဖြစ်၍ ဤဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထို့ပြင် မြတ်စွာဘုရားသခင်နှင့် ဆက်စပ်၍ ဝါဆိုလပြည့်နေ့ အခါသမယတွင် နေ့ထူးနေ့မြတ်ကြီး ၄ ခု ဖြစ်ပေါ်ခဲ့ပါသည်။ သန္ဓေယူခြင်း၊ တောထွက်တော်မူခြင်း၊ ဓမ္မစကြာတရားဟောတော်မူခြင်း၊ ရေမီးအစုံတန်ခိုးပြတော်မူ၍ တာဝတိံသာနတ်ပြည်သို့ ကြွမြန်း၍ အဘိဓမ္မာတရားဟောခြင်းတို့ ဖြစ်ပါသည်။

မန္တလေးမြို့သည် ဘာသာရေးအလွန်ထွန်းကားသော မြို့ဖြစ်သဖြင့် ဝါဆိုလဆန်းလောက်မှစ၍ ရပ်ကွက်ဝေယျာဝစ္စအသင်းများ၊ အရဏ်တော်အသင်းများ၊ ဓမ္မာရုံဝတ်သင်းများသည် ဝါတွင်းကာလတွင် ဆောင်ရွက်ကြသော အရုဏ်လှည့်ခြင်း၊ ဆွမ်းတော်ကြီးကပ်ခြင်း၊ ဝတ်တက် ဝတ်ကပ်ခြင်း၊ ဓမ္မာရုံသီလပေးတရားပွဲများ ပြုလုပ်ခြင်းတို့အတွက် ပြင်ဆင်ဆောင်ရွက်ကြတော့သည်။ အရုဏ်တော်ဝတ်သင်းရှိသော အသင်းများ က ဝါဆိုလပြည့်မှစ၍ သီတင်းကျွတ်လပြည့်တိုင် ဝါတွင်းသုံးလစလုံး မိမိအလှည့်ကျရာ ဘုရားများသို့ အပတ်စဉ်သွားရောက်၍ လှူဒါန်းဖွယ်အစုစုတို့ကို လှူဒါန်းကုသိုလ်ပြုကြသည်။ ညနေစောင်းလောက်မှစ၍ အသင်းသားများက ဝတ်ဖြူစင်ကြယ်များ ဝတ်ဆင်ကာ သိုင်း၊ ကျိုင်း၊ ဘုံတောင်၊ ဆိုင်းထမ်းများကို ထမ်းရွက်ကာ ဘာသာရေးတေးဂီတများဖြင့် ဘုရားသို့ သွားရာလမ်းတစ်လျှောက် တီးမှုတ်ဖျော်ဖြေပြီး အလှူခံကြသည်။ မြို့လူထုမှာလည်း အဖျော်ယမကာများ တိုက်ကျွေးပြီး လှူဖွယ်ဝတ္ထုများကို လှူဒါန်းကြသည်။ အရုဏ်ဝတ်အသင်းပေါင်းစုံမှ မိမိအလှည့်ကျရာ ဘုရားများသို့ သွားရောက်ခဲ့ကြသဖြင့် ဝါတွင်းကာလ အဖိတ်နေ့ ညနေပိုင်းမှ ညဦးပိုင်းအထိ မန္တလေးတစ်မြို့လုံး ဘာသာရေးဂီတသံများဖြင့် လွှမ်းမိုးလျက်ရှိကြောင်း မြင်တွေ့ခဲ့ရသည်။ အလွန်ပင်ကျက်သရေရှိသော မြင်ကွင်းဖြစ်သည်။

ရပ်ကွက်ဓမ္မာရုံများတွင်လည်း ဝါတွင်းအဖိတ်နေ့ ညနေမှစ၍ ဆွမ်းကြီးခံခြင်း၊ ညအချိန်တွင် ဝေယျာဝစ္စအသင်းသားလူငယ်များက အတီးအမှုတ်များဖြင့် တီးမှုတ်ဖျော်ဖြေကြပြီး ညပိုင်းအချိန်တွင် လူကြီး၊ လူလတ် အမျိုးသား၊ အမျိုးသမီးများက ဝတ်တက် ဝတ်ကပ်၍ ဘုရားရှင်ကို ပူဇော်ကြသည်။ ဝါတွင်းကာလ သုံးလလုံး ညစဉ်ဝတ်ကလေးတက်၍ အဖိတ်နေ့ညများတွင် ဝတ်ကြီးတက်ခဲ့ကြပါသည်။ တစ်ရပ်ကွက်လုံး တရားသံများဖြင့် ဖုံးလွှမ်း၍ ကြည်နူးချမ်းမြေ့ ဖြစ်ကြရပါသည်။

ဝါဆိုလပြည့်နေ့တွင် ဘုန်းတော်ကြီးကျောင်းများတွင် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဝါဆိုပန်းများ ကပ်လှူခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။ ဘုန်းတော်ကြီးများလည်း ဝါဆိုဝါကပ် ပြုလုပ်ကြသည်။ မန္တလေးမြို့နှင့် မလှမ်းမကမ်းကျေးရွာများတွင် လူငယ်၊ လူရွယ် အမျိုးသား၊ အမျိုးသမီးများက ဝါဆိုပန်းများခူး၍ ဘုရားကျောင်းကန်များတွင် ဝါဆိုပန်းများ ကပ်လှူကြသည်။ ရာသီပန်းများဖြစ်သော ပုန်းညက်ပန်း၊ မြတ်လေးပန်း၊ မိချောင်းပန်းများ ဖူးပွင့်ကြပြီး တောပန်းများဖြင့် အလွန်သာယာရှိကြပြီး ကျေးငှက်သာရကများကလည်း မြူးထူးစွာဖြင့် ပျော်ရွှင်လျက်ရှိသည်။ ရှေးစာဆိုများကလည်း "ဆင်တာရာငယ်၊ ရာသီကရဋ္ဌ်၊ နိရိန္ဒာလဲ၊ ညာတောင်နတ်နှင့် ဖိုမြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့ ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းတော်ခံသောခါ ပုန်းညက်ညို၊ မာလာမင်းကသင်းလှတယ်လေး" ဟု ဝါဆိုလပြည့်ထူးမြတ်လို့ ဖွဲ့ဆိုခဲ့ကြသည်။ ဝါဆိုလပြည့်သည် မိုးတွင်းကာလဖြစ်သောကြောင့် မြစ်ချောင်း၊ အင်းအိုင်တို့တွင် ရေများပြည့်လျှံကြ၍ လောကသည် အေးမြချမ်းမြေ့သာယာလှပစွာရှိနေတော့သည်။ တောင်သူလယ်သမားတို့သည် ဤကာလတွင် မိုးမလွန်မီ ထွန်ယက်စိုက်ပျိုးရန် ပြင်ဆင်ကြလျက် မိုးရေဖွေးဖွေးမှာ စိုက်ကြ၊ ပျိုးထောင်ကြတော့သည်။

ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့၏ အထင်ကရ တန်ခိုးကြီးဘုရားများဖြစ်သော မန္တလေးတောင်၊ မဟာမုနိဘုရားကြီး၊ အိမ်တော်ရာ၊ သကျသီဟ၊ ကုသိုလ်တော်၊ ကျောက်တော်ကြီး၊ ရွှေကျီးမြင်နှင့် အခြားသော ဘုရားများတွင် မန္တလေးသူ၊ မန္တလေးသားများအပြင် နယ်မြို့များမှပင် လာကြ၍ ဝါဆိုပန်းများ ဆက်ကပ်ခြင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်း၊ အလှူဒါနပြုလုပ်ခြင်းတို့ဖြင့် အလွန်ပင်စည်ကားလှကြောင်း တွေ့မြင်ခဲ့ကြရသည်။ မန္တလေးမြို့ခံ မိသားစုများက ဝါဆိုလပြည့်နေ့တွင် ရပ်ကွက်ဓမ္မာရုံများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ သီလယူကြပြီး စားသောက်ဖွယ်ရာများကို ထုတ်ယူသွားကြသည်။ မိမိတို့ဆန္ဒရှိရာ ဘုရားများသို့ မိသားစု လိုက်သွား၍ တရားဘာဝနာကုသိုလ်ပွားများကြပြီး တစ်နေ့လုံး အနားယူကြကာ ညနေစောင်းမှ အိမ်သို့ ပြန်ခဲ့ကြသည်။ ဤနည်းဖြင့် ဘဝအမောများကို ဖြေဖျောက်ခဲ့ကြသည်။

ရပ်ကွက်ဓမ္မာရုံများတွင်လည်း လူငယ်၊ လူကြီးများအားလုံး ဆွမ်းတော်ကြီးခံထွက်၍ ရရှိခဲ့သော လှူဖွယ်ဆွမ်း၊ ဆွမ်းဟင်းနှင့် အခြားလှူဖွယ်များကို ဓမ္မာရုံတွင် သီလပေးတရားဟောကြားတော်မူသော ဘုန်းတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြပြီး ကုသိုလ်ယူကြသည်။ အလှူရှင်များကလည်း သီလလာယူသော ပုဂ္ဂိုလ်များနှင့် အခြားရပ်ကွက်တွင်းရှိ ပုဂ္ဂိုလ်များကို အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ရပ်ကွက်လူကြီးများကလည်း လူငယ်၊ လူရွယ်ကလေးများကို ဤကဲ့သို့သော ဘာသာရေး၊ လူမှုရေးကိစ္စအဝဝတို့ကို ဆောင်ရွက်စေခြင်းဖြင့် လူငယ်များ ယဉ်ကျေး လိမ္မာပြီး လူမှုရေးအသိရှိသော လူငယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်သင့်ကြသည်။ သို့မှ လူငယ်၊ လူရွယ်များ လမ်းမှန်ကို လျှောက်လှမ်းနိုင်ပြီး မူးယစ်ဆေးဝါး၊ အရက်ဘီယာတို့မှ ကင်းဝေးနိုင်ကြပေသည်။ ဝါတွင်းကာလ ဝါဆိုလမှ သီတင်းကျွတ်လပြည့်နေ့တိုင် ရပ်ကွက်ဓမ္မာရုံများနှင့် ဘုရားကျောင်းကန်များတွင် ဘာသာရေးပွဲများ၊ အလှူအတန်းများဖြင့် စည်ကားလျက်ရှိရာ မြန်မာတို့၏ အလှူဒါနစေတနာများတို့ကတော့ ထာဝရရှင်သန်နေတော့မည်ဖြစ်ကြောင်း တင်ပြလိုပါသည်။

သိန်းဝင်းလှိုင်(နန်းရှေ့)



## သစ်တောသစ်ပင်နှင့် ထိန်းသိမ်းရေးဆိုင်ရာ လူငယ်ရေးရာအသိပညာပေး ဟောပြော



**ဥတ္တရသီရိ ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်၍ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် သစ်တော၊ သစ်ပင်များထိန်းသိမ်းရေးဆိုင်ရာ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက သရက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဥတ္တရခရိုင်၊ ပြန်/ဆက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာပြီး စာကောင်း၊ ပေကောင်းများကို လေ့လာတတ်စေရန် "စာအုပ်စာပေ လူ့မိတ်ဆွေ" ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်သိန်းထွန်းက ကျောင်းသား၊ ကျောင်းသူများ သိသင့်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ သရက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



## ဝါတွင်းကာလ သံဃာဒါနဆွမ်းလောင်းအသင်းမှ သံဃာတော်များအား အရုဏ်ဆွမ်း လောင်းလှူပူဇော်ပွဲကျင်းပ

**ပင်းတယ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံကြီးတွင် ဆွမ်းလောင်းလှူရန် နေရာ၌ မြို့နယ်ဝါတွင်းကာလ အဖိတ်နေ့ သံဃာဒါန ဆွမ်းလောင်းအသင်း၏ မြို့ပေါ်ဘုန်းတော်ကြီးကျောင်း ၂၁ ကျောင်းမှ သံဃာတော်အပါး ၄၂၂ ပါးအား အရုဏ်ဆွမ်းတော်၊ ဆွမ်းဟင်းတော် ဆက်ကပ်လောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါမြို့ပေါ်ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် ရဟန်းရှင်သာမဏေများ၊ မိုးကုတ်ဝိပဿနာတရားဓမ္မရိပ်သာ၌ လာရောက်သီတင်းသုံးတော်မူလျက်ရှိသော နောင်ချိုမြို့နယ် ကမ္ဘောဇကျောင်းတော်မှ သံဃာတော်များအား အလှူရှင် မြို့နယ် သံဃနာယကဥက္ကဋ္ဌ (ရွာငယ်ကျောင်းသစ်ကျောင်း) ဆရာတော် ဘဒ္ဒန္တ အရှင်စန္ဒောဘာသနှင့် ဓနုဒေသစီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ဇနီး ဒေါ်ခင်စန္ဒာစိုး၊ သား မောင်ဟိဏ်းသူရလင်း မိသားစုတို့၏ လှူဒါန်းပေးမှုဖြင့် ဆွမ်းတော်နှင့် ကြက်အာလူးဟင်း+ပဲနီလေး ကြာဆံဟင်းရည်+ဂျူးဖူးကြော် +အသားတုဘာလချောင်ကြော် စသည့် ဆွမ်းဟင်းတော်များကို ဝါတွင်းကာလ အဖိတ်နေ့သံဃာဒါနအဖွဲ့ခေါင်းဆောင် ဦးကျော်သူရနှင့် ဆွမ်းလောင်းအသင်းဝင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ချက်ပြုတ်လောင်းလှူကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)(ကဆ)

## Women'Futsal Cup Mandalay 2024 ပြိုင်ပွဲ မန်နေဂျာတွေ့ဆုံပွဲနှင့် အုပ်စု မဲခွဲပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၀**



မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် Women' Futsal Cap Mandalay 2024 ပြိုင်ပွဲအကြို မန်နေဂျာတွေ့ဆုံပွဲနှင့် အုပ်စုအဆင့် မဲခွဲပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက Min Khant Myanmar Sports Complex ရှိ ကော်မတီအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုနှင့် ကော်မတီဝင်များ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားကာ အတွင်းရေးမှူး ဦးစိုးကြည်သောင်းက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းတာဝန်ရှိသူများက ပြိုင်ပွဲနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို အသင်း ငါးသင်းဖြင့် အုပ်စုပတ်လည်စနစ် ကစားမည်ဖြစ်ပြီး အဆင့် ၁ နှင့် ၂ ရရှိသော အသင်း နှစ်သင်းကို ဗိုလ်လုပွဲ၊ အဆင့် ၃ နှင့် ၄ ရရှိသည့် အသင်း နှစ်သင်းကို တတိယနေရာလုပွဲကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ၂၉ ရက်အထိ မန္တလာသီရိ အားကစားကွင်း ဘက်စုံအားကစားခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)(၀၄၅)

## ဆန်ဈေးကွက်တည်ငြိမ်ရန် ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချပေး

**ရေနံချောင်း ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်လမ်းညွှန်မှုဖြင့် ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကြီးကြပ်ကာ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ဆန်ကုန်သည်ကြီးများအသင်းတို့ပူးပေါင်းပြီး ယမန်နေ့ နံနက်ပိုင်းက ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀ ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် ဆန်ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်စေရန်နှင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ရေနံချောင်းမြို့ မြို့မမြောက်ရပ်ကွက် ရှစ်မျက်နှာဘုရားတန်ဆောင်းတွင် ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀ဖြင့် ပြည်သူတစ်ဦးလျှင် တစ်ပြည်နှုန်း ရောင်းချပေးခဲ့သည်။

၎င်းအပြင် "ကျွန်တော်တို့လမ်းထိပ်က ဆန်ဆိုင်မှာ အပြင်မှာ ငွေကျပ် ၅၃၀၀ ဝယ်ရတဲ့ဆန်ကို ငွေကျပ် ၄၇၅၀နဲ့ ရောင်းပေးတယ်။ လူတစ်ဦးလျှင် သုံးပြည်ဝယ်ရတယ်။ အဲဒီဆန်ဆိုင်ကပဲ ယမန်နေ့ညနေမှာ ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှင့်ရောင်းပေးတယ်"ဟု ရေနံချောင်းမြို့၊ ရွာသစ်ရပ်ကွက်နေ အမျိုးသားတစ်ဦးက ပြောသည်။

(၄၇၂)

၀-၀-၀-၀-၀-၀

## အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**နမ့်စန် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မြို့နယ်ကျောက်တိုင် အားကစားကွင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အ·ထ·က - ခွဲ (၅ ရပ်ကွက်)ဘောလုံးအသင်းနှင့် အ·ထ·က-ခွဲ(လွိုင်ငင်းကြီး) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အ·ထ·က-ခွဲ(၅ ရပ်ကွက်)ဘောလုံးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အ·ထ·က-ခွဲ(၅ ရပ်ကွက်) ဘောလုံးအသင်းနှင့် အထက(နမ့်စန်)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အ·ထ·က-ခွဲ (၅ ရပ်ကွက်) အသင်းက ၅ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ နေရာအလိုက် အကောင်းဆုံးဆုရ အားကစားသမားများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြု ဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသော အ·ထ·က-ခွဲ(မြို့ဦး)အသင်း၊ ဒုတိယဆုရရှိသော အ·ထ·က-ခွဲ(လွိုင်ငင်းကြီး)အသင်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသော ပန်းပျိုးရတနာမြေကိုယ်ပိုင်အထက်တန်းကျောင်းအသင်းနှင့် ဒုတိယဆုရရှိသော အ·ထ·က (နမ့်စန်)ဘောလုံးအသင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက တစ်ဦးချင်း ဆုဆွဲပြားများနှင့် ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးသွားသော အ·ထ·က-ခွဲ(၅ ရပ်ကွက်)ဘောလုံးအသင်းကို နမ့်စန်တပ်နယ်မှ ဗိုလ်ချုပ် စိုးအောင်က တစ်ဦးချင်း ဆုတံဆိပ်ဆွဲပြားများ၊ ဆုငွေကျပ် သုံးသိန်းနှင့် ပထမဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးသွားသော အ·ထ·က-ခွဲ(၅ ရပ်ကွက်)ဘောလုံးအသင်းကို အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက တစ်ဦးချင်း ဆုတံဆိပ်ဆွဲပြားများ၊ ဆုငွေကျပ် ငါးသိန်း နှင့် ပထမဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂၀**

၂၀၂၄ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ပန်းချီ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ရှိ သတ်မှတ်ခန်းမများတွင် အသီးသီး ကျင်းပခဲ့သည်။



အဆိုပါ ပြိုင်ပွဲများကျင်းပရာတွင် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့အဖြစ် တာဝန်ယူဆောင်ရွက်ကာ (Community Centre) ဘက်စုံသုံးခန်းမ၌ ကျင်းပသည့် ပန်းချီပြိုင်ပွဲတွင် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၀ဦးမှ "ဇူလိုင် ၁၉ မျက်ရည်မိုး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မူလတန်းအဆင့်၊ ကျောင်းသား၊ ကျောင်းသူ ၂၀ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စာရေးဆရာအကြီး ကိုကို(ကသာ)က အမှတ်ပေးစဉ်းမျဉ်းများနှင့် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ထုတ်ပြန်ကြေညာကာ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီးပေးအပ်ခဲ့ပြီး တက်ရောက်သူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၄)



# သရက်မြို့၌ (၈၂)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင်(၆၀)ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ် လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၈၂)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင်(၆၀)ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို ယနေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက် ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင် စေတနာရှင်များစုပေါင်း၍ လစဉ်လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူလျက်ရှိရာ (၈၂)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင်(၆၀)ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင် အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှတန်းဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

# အခွန်ဆိုင်ရာအသိပညာပေး ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အခွန်ဦးစီးဌာနမှ ဦးဆောင်၍ အခွန်ဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှ တာဝန်ရှိသူနှင့် အခွန်ဘဏ္ဍာငွေ တိုးတက်ကောက်ခံရရှိရေး အထောက်အကူပြုအဖွဲ့က ဖုန်းအရောင်းဆိုင်၊ ရွှေဆိုင်၊ စားသောက်ဆိုင်နှင့် တည်းခိုခန်းများတွင် အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေး၊ စည်းကြပ်တောင်းခံထားသည့် အခွန်များ၊ လစဉ်ပေးသွင်းရမည့် အခွန်ငွေများ အပြည့်အဝကောက်ခံရရှိရေး၊ အခွန်တံဆိပ်ခေါင်းများ ကပ်နှိပ်ရောင်းချစေရေးအတွက် အရောင်းဆိုင် ၁၃ ဆိုင်မှ ပိုင်ရှင်များနှင့်တွေ့ဆုံ၍ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)



# ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂၀**

ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းအခြေပြု ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကာလအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁နာရီက မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်ရှိ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း ရွှေသွေးခန်းမတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေယံမင်းက "အပူဒဏ်ကို ကာကွယ် အိုဇုန်းလွှာ ထိန်းသိမ်းစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးထက်ဖြိုးဝေက "ရာသီဥတုပြောင်းလဲမှု" ခေါင်းစဉ်ဖြင့် လူတို့ နေထိုင်မှုပုံစံများ ပြောင်းလဲလာမှုကြောင့် ယနေ့ ကမ္ဘာတွင် ပူလွန်းခြင်း၊ အေးလွန်းခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးဒဏ်များ မကြာခဏဖြစ်ပေါ်ကာ လူသားအရင်းအမြစ်များ သေကြေပျက်စီးဆုံးရှုံးမှုတို့ ဖြစ်ပေါ်ကြကြောင်း သဘာဝတရားနှင့် ရာသီဥတု ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များအား ထိန်းညှိရန် သစ်တောသစ်ပင်များအား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်းနှင့် ဂေဟစနစ်များ ကွင်းဆက် မိမိအပြန်အလှန် အကျိုးပြုပုံများအား ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၄၄)

*-*-*-*-*



# အောင်လံမြို့၌ ရေဘေးသင့်ပြည်သူများအား ဆန်နှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့လှူဒါန်း

**အောင်လံ ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဇူလိုင် ၁၇ ရက်က မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အောင်လံမြို့နယ် အတွင်းရှိ ဇူလိုင် ၁၂ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ကွမ်းလောင်းကျေးရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၄၃စု၊ လူဦးရေ ၁၆၀ ဦးတို့အား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှင့် ခေါက်ဆွဲခြောက်တစ်ထုပ်၊ နံ့ဇူပင်ကျေးရွာ၊ ပြင်းပေါက် ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၉စု၊ လူဦးရေ ၆၀ ဦးတို့အား



အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှင့် ခေါက်ဆွဲခြောက် တစ်ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် (၂၂၆, ၃၀၀/-) အောင်လံမြို့ရှိ ရေဘေးရှောင်စခန်း အသီးသီး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အောင်လံမြို့နယ် ကန်ကြီးရပ်ကွက်အတွင်းရှိ ရေနစ်မြုပ်နေသည့် အမှန်တကယ် လိုအပ်သော ရေဘေးသင့် အိမ်ထောင်စုများအား ကန်ကြီးရပ်ကွက်အုပ်ချုပ်ရေးမှူးမှ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှင့် ခေါက်ဆွဲခြောက် နှစ်ထုပ်စီ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရေနံချောင်း ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၌ အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပစေရေး၊ ကျောင်းဝင်း၊ ကျောင်းပြင် သန့်ရှင်းသာယာလှပစေရေး ရည်ရွယ်ပြီး ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးကို ရေနံချောင်းမြို့ အထက(၂)၊ ကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထို့သို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပေါင်းမြက်နုတ်ခြင်း၊ ရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များအား အမှိုက်ကားဖြင့် စနစ်တကျစွန့်ပစ်ခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၄၇၂)

(ဝဲပုံ)

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ပြည်သူများ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့သည်။

**အထူးစည်ကား**

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာဖြင့် လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည့်အပြင် ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌လည်း စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင်ဘုရားဖူးလာပြည်သူများသည် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုကြကာ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျတည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းပိုင်းအကြီး၊ ရေပန်းပိုင်း အသေးနေရာများ၌လည်း မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေ သူငယ်ချင်း အစုအဖွဲ့လိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလ ဆောက်တည်ကြသည့် နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာ ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ပြီး ညနေပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့ကြသည်။

ထို့ပြင်နေပြည်တော်ရှိလက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ ရွှေလွှမ်းတောင် စေတီတော်၊ နေရောင်ပြအင်း စေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မ စေတီတော်၊ ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့်စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနီယ လေးဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

**အပန်းဖြေအနားယူ**

ထို့အတူ ဝါဆိုလပြည့်နေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်အတွင်း အပန်းဖြေအနားယူရာ နေရာများ၌လည်း လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ အနားယူ အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားခဲ့သည်။

ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည်၌ ပဋိသန္ဓေ တည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင် ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဗေဟိဘိက္ခူ-ဟူသောစကားကို စတင်ကြားရသောနေ့ ဖြစ်သည့်အတွက် ထူးခြားလှသည့် ဂုဏ်အင်များနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်ကြောင်းလည်း သိရသည်။

သတင်းစဉ်

## တောင်သမန်အင်း ဦးပိန်တံတားနှင့် ကမ်းနားလမ်းတို့တွင် လာရောက်လည်ပတ်သူများနှင့် စည်ကား

**အမရပူရ ဇူလိုင် ၂၀**

အမရပူရ၊ တောင်သမန်အင်း ဦးပိန်တံတားနှင့် ကမ်းနားလမ်းတို့တွင် ယနေ့ဝါဆိုလပြည့်နေ့၌ လာရောက်လည်ပတ်သူ၊ အပန်းဖြေသူများ ပြားလွန်းသောကြောင့် ကြက်ပျံမကျ စည်ကားလျက်ရှိပြီး သက်ဆိုင်ရာမှ လုံခြုံရေးအစောင့်အရှောက်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်ထားရှိပေးထားသည်။

တောင်သမန်အင်းရေမှာ တံတားကြမ်းပြင်နှင့် ၂ ပေခွဲဝန်းကျင်ထိ ရောက်ရှိနေသဖြင့် တံတားပေါ်လမ်းလျှောက်သူများနှင့် ငှက်လှေစီးသူများ ဘေးကင်းစေရန်နှင့်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် အင်းရေပြင်အတွင်း ကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်ရေးစက်လှေဖြင့် မောင်းနှင်စောင့်ကြည့်ပေးကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

